www.dhammadownload.com

မဟာစည်နာယက
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
အဘိဓေမဟာရဋ္ဌဂုရု

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အရှင်ဂဂ္ဂဟလာဘိဝံသ

ဟောကြား ရေးသားစီရင်အပ်သော

သာသနာတော်၏ အုံ့ဖွယ် ၈-ပြာ

သိကောင်းစရာ တရားတော်



သာသနာ - ၂၅၅၃ ကောဇာ-၁၃၇၁ ခရစ် - ၂၀၀၉

www.dhammadownload.com

ကြီစာအုပ်မှာ သိကောင်းစရာ ဆောင်ပုဒ်များ

အစဉ်နက်ဝှမ်း၊ ကမ်းကိုမလွန်၊
ရွံဖွယ်ဆယ်ပစ်၊ တစ်မည်ဖြစ်ခြင်း၊
မယွင်းမတိုး၊ ဆယ်မျိုးရတနာ၊
ရသာဆားတူ၊ ကြီးသူနေရာ၊
အံ့ရှစ်ဖြာ။

www.dhammadownload.com

မဟာစည်နာယက

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

အဘိဓဇမဟာရဋ္ဌဂုရု

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အရှင်ကုလ္လာလဘိဝံသ

ဟောကြား ရေးသားစီရင်အပ်သော

သာသနာတော်၏ အုံ့ပွယ် ၈-ဖြာ

သိကောင်းစရာ တရားတော်



သာသနာ - ၂၅၅၃ ကောဇာ-၁၃၇၁ ခရစ် - ၂၀၀၉

www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်

၃၂၀၇၂၃၀၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၃၂၀၇၅၄၀၆၀၉

ပုံနှိပ်ခြင်း

ပထမအကြိမ်

အုပ်ရေ – ၃၀၀၀

တန်ဖိုး –

ပုံနှိပ်ပြီးသည့်လ

ဇူလိုင်လ၊ ၂၀၀၉ ခုနှစ်

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးသိန်းထွန်း (၀၄၈၂၂)

သိန်းထွန်းအော့ဖ်ဆက်၊ ၅၀/၅၂၊ ဒဂုံသီရိလမ်း၊

ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၀၁-၅၄၂၀၅၆

ထုတ်ဝေသူ

ဒု-ဗိုလ်မှူးကြီး တင်အောင်(လေ-အငြိမ်းစား)၊


(၀၃၃၆၆)

သဒ္ဓမ္မရံသီစာပေ၊ အမှတ်-၇၊ ဇေယျာခေမာလမ်း၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေသည်။

ဖုန်း- ၀၁-၆၆၁၅၉၇၊ ၆၅၀၅၇၆

www.dhammadownload.com



သဒ္ဓမ္မရံသီရိပ်သာပဓာနနာယကဆရာတော်

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

အဘိဓဇမဟာရဋ္ဌဂုရု

ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ

www.dhammadownload.com

www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သာသနာတော်၏ အုံ့ဖွယ် ၈-ဖြာ သိကောင်းစရာ တရားတော်

ဒီနေ့ ၁၃၅၆-ခု၊ သီတင်းကျွတ်လပြည့်နေ့၊ နေ့လယ်ပိုင်းမှာ ဟောကြားမည့်တရားတော်က အင်္ဂုတ္တိရ်ပါဠိတော်လာ **"သာသနာတော်၏ အုံ့ဖွယ် ၈-ဖြာ သိကောင်းစရာ တရားတော်"**ကို ဟောကြားပါမယ်။

တစ်ချိန်သောအခါ မြတ်စွာဘုရားသည် နဒ္ဒေရမည်သော တမာပင်ရင်း၌ သီတင်းသုံးနေတော်မူတယ်။ အဲဒီအချိန်အခါမှာ ပဟာရာဒလို့ခေါ်တဲ့ အသူရိန်က မြတ်စွာဘုရားထံသို့ ရောက်လာပြီး မြတ်စွာဘုရားရဲ့သာသနာတော်မှာ ရဟန်းတော်တွေ မွေ့လျော်နေကြတာ ဘာအုံ့ဖွယ်တွေရှိနေလို့ မွေ့လျော်နေကြတာလဲလို့ သိလိုၗ၊ မေးလိုၗ ရောက်လာတာဖြစ်တယ်။

www.dhammadownload.com

ဒါပေမဲ့လည်း မြတ်စွာဘုရားထံ ရောက်လာတဲ့အခါကျတော့ မြတ်စွာဘုရားရဲ့ ဘုန်းတန်ခိုးအာနုဘော်တွေ၊ မြတ်စွာဘုရား၏ ဘုန်းကံတွေကကြီးမားလှတဲ့အတွက်ကြောင့် ရှေးဦးစွာ မေးခွန်းကို မလျှောက်ရဲပေဘူး။

အဲဒါကို မြတ်စွာဘုရား သိတော်မူတဲ့အတွက်ကြောင့် မြတ်စွာဘုရားက ရှေးဦးစွာမေးပါတယ်။ "ပဟာရာဒအာသူရိန် ... အသူရာတွေဟာ သမုဒ္ဒရာမှာ ပျော်မွေ့ကြတယ်၊ ဘာအဲ့ဖွယ်တွေရှိလို့ ပျော်မွေ့ကြတာလဲ" လို့ မြတ်စွာဘုရားက ရှေးဦးစွာမေးလိုက်တဲ့အခါကျတော့ ပဟာရာဒအာသူရိန်က "သမုဒ္ဒရာမှာ အဲ့ဖွယ်ရာ ဂ-မျိုးရှိပါတယ်ဘုရား" ဟု လျှောက်ထားပါတယ်။ ဂ-မျိုးကိုဖြေပြီးတဲ့အခါ ပဟာရာဒအာသူရိန်က မြတ်စွာဘုရားကို လျှောက်ထားပြန်တယ်။

"မြတ်စွာဘုရား ... မြတ်စွာဘုရားရဲ့သာသနာတော်ကြီးမှာ မြတ်စွာဘုရားရဲ့တပည့်သားတွေ သာသနာတော်မှာ ပျော်မွေ့ကြတာ သာသနာတော်မှာ ဘာအဲ့ဖွယ်တွေရှိလို့ အခုလို ပျော်မွေ့နေကြတာလဲဘုရား" ဟု လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက "ငါဘုရား၏သာသနာတော်မှာလည်း အဲ့ဖွယ်ရာ ဂ-မျိုးရှိတဲ့အတွက်ကြောင့် ငါဘုရား၏သားတော် ရဟန်းတော်တွေဟာ

www.dhammadownload.com

သာသနာတော်မှာ ပျော်မွေ့ကြတာပဲ" လို့ မြတ်စွာဘုရားက ပြန်ဖြေလိုက်ပါတယ်။

သမုဒ္ဒရာမှာ အံ့ဖွယ် ဂ-ဖြာရှိသလို မြတ်စွာဘုရား၏ သာသနာတော်မှာလည်း အံ့ဖွယ် ဂ-ဖြာရှိတယ်ဆိုတဲ့အဓိပ္ပာယ်ကို မြတ်စွာဘုရား ပြန်ဖြေကြားတော်မူတာပါပဲတဲ့။

အဲဒီသမုဒ္ဒရာရဲ့ အံ့ဖွယ် ဂ-ဖြာနဲ့ သာသနာတော်ကြီးရဲ့ အံ့ဖွယ် ဂ-ဖြာကို ဥပမာနဲ့ဥပမေယျ နှိုင်းယှဉ်ပြထားတဲ့ဆောင်ပုဒ် ရေးဦးစွာ ဆိုကြပါဦးစို့။

ဆောင်ပုဒ်။ ။ အစဉ်နက်ဝှမ်း၊ ကမ်းကိုမလွန်၊
ရွံဖွယ်ဆယ်ပစ်၊ တစ်မည်ဖြစ်ခြင်း၊
မယွင်းမတိုး၊ ဆယ်မျိုးရတနာ၊
ရသာဆားတူ၊ ကြီးသူနေရာ၊ အံ့ရှစ်ဖြာ။

မဟာသမုဒ္ဒရာကြီးဟာ အစဉ်အတိုင်း နက်သွားတယ်။ အစဉ်နက်ဝှမ်း။ **တီရတော = ကမ်းပါးမှ၊ ပဋ္ဌာယ = စ၍။ ကေဂုံလ ဒွဂုံလ ဝိဒတ္တိ စတုရာသီတိယောဇန သဟဿ ဂမ္ဘီရော ဟုတ္တာ ဌိတောလို့** အဋ္ဌကထာဆရာတွေ ဖွင့်ပြပါတယ်။

www.dhammadownload.com

မဟာသမုဒ္ဒရာကြီးဟာ လက် ၁-သစ်၊ ၂-သစ်ကစပြီးတော့ နက်သွားလိုက်တာ ယူဇနာပေါင်း ရှစ်သောင်းလေးထောင်တိုင်အောင် နက်သွားပါတယ်။ အစဉ်အတိုင်း နက်သွားတယ်။ အချို့အချို့ချောင်းကြီးတွေ၊ အချို့အချို့အိုင်ကြီးတွေမှာ ကမ်းပါးအစကစပြီးတော့ ချောက်ကြီးတွေဖြစ်နေတဲ့ သဘောမျိုးမဟုတ်ဘူးတဲ့။ တဖြည်းဖြည်းနက်ဝမ်းသွားတာ လက် ၁-သစ်ကနေပြီးတော့ ယူဇနာပေါင်း ရှစ်သောင်းလေးထောင်တိုင်အောင် နက်ဝမ်းသွားတယ်။

အဲဒီမဟာသမုဒ္ဒရာကြီးမှာ တဖြည်းဖြည်း လက် ၁-သစ်ကစပြီးတော့ နက်ဝမ်းသွားသလို မြတ်စွာဘုရား၏သာသနာတော်မှာလည်း အကျင့်သိက္ခာတွေ၊ လုပ်ငန်းစဉ်တွေ အကျင့်ပဋိပဒါတွေဟာ အစဉ်အတိုင်း တဖြည်းဖြည်း နက်နဲနက်နဲ၊ သိမ်မွေ့သိမ်မွေ့သွားတယ်။

ဘယ်အထိအောင် သိမ်မွေ့သွားလဲဆိုတော့ အရဟတ္တဖိုလ်တိုင်အောင်၊ ကိလေသာအညစ်အကြေးမှန်သမျှ ဘာတစ်ခုမှ မရှိတဲ့ အရဟတ္တဖိုလ်တိုင်အောင် နက်နဲသွားပါတယ်တဲ့။ အကျင့်သိက္ခာတွေဟာ အစဉ်အတိုင်း နက်နဲသွားတယ်။ အစဉ်အတိုင်း ကျင့်ကြံအားထုတ်မှသာလျှင် ရောက်သွားနိုင်တယ်။ အဲဒါလည်း မြတ်စွာဘုရား၏သာသနာတော်မှာ အံ့ဖွယ်တစ်မျိုးပါပဲတဲ့။

www.dhammadownload.com

အစဉ်အတိုင်းနက်နဲပုံ ဥပမာအားဖြင့် ပြောရမယ်ဆိုလို့ ရှိရင်တော့ သမုဒ္ဒရာမှာတော့ ယူဇနာပေါင်း ရှစ်သောင်းလေး ထောင်တိုင်အောင် နက်သွားပေတယ်။

သာသနာတော်ကြီးမှာတော့ မြတ်စွာဘုရားအနေနဲ့ဆိုရင် ဘယ်လောက်များ နက်သလဲဆိုတော့ အရဟတ္တဖိုလ်တိုင်အောင် မြတ်စွာဘုရား ဘုရားဖြစ်သည့်တိုင်အောင် ဘယ်လောက်ကစပြီး ကျင့်ခဲ့ရလဲဆိုတော့ လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်းတိုင်အောင် ကျင့်ခဲ့ရတယ်။

သမုဒ္ဒရာထက်တောင် ပိုမနက်နေပါဘူးလား ... ပိုနက် နေပါတယ်ဘုရား။ ဟိုက ရှစ်သောင်းလေးထောင်ပဲရှိတယ်။ ဒီဘက်က အသင်္ချေနဲ့ချီပြီးတော့ မကျင့်ရပါဘူးလား ... ကျင့်ရ ပါတယ်ဘုရား။

ပစ္စေကဗုဒ္ဓါဆိုလို့ရှိရင်တော့ နှစ်သင်္ချေနဲ့ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ရပါတယ်။ အဲဒီလောက်ပဲနက်ပါတယ်။ ပစ္စေကဗုဒ္ဓါ ရဟန္တာဖြစ်အောင် အရဟတ္တဖိုလ်ရောက်အောင် တဖြည်းဖြည်း နက်လာလိုက်တာ နှစ်ပေါင်း အသင်္ချေပေါင်း နှစ်သင်္ချေနဲ့ကမ္ဘာ တစ်သိန်းတိုင်အောင် နက်ပါတယ်တဲ့။

www.dhammadownload.com

အဂ္ဂသာဝကဆိုလို့ရှိရင်တော့ တစ်သခ္ခေါနဲ့ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီတော်တွေ ဖြည့်ရတယ်။ အဲဒီထိအောင် နက်သွားပါတယ်။ အရဟာတ္တဖိုလ်ရောက်အောင် တစ်သခ္ခေါနဲ့ကမ္ဘာတစ်သိန်း ပါရမီတော်တွေဖြည့် ကျင့်ကြံအားထုတ်ရတယ်။ အစဉ်အတိုင်း မနက်လာပါဘူးလား ... နက်လာပါတယ်ဘုရား။

မဟာသာဝကဆိုလို့ရှိရင် ကမ္ဘာတစ်သိန်းတိုင်အောင် အကျင့်သိက္ခာ ပဋိပဒါတွေကို ကျင့်ခဲ့ရတယ်။ တဖြည်းဖြည်း နက်နဲလာလိုက်တာ အရဟာတ္တဖိုလ်တိုင်အောင် ကမ္ဘာတစ်သိန်း ပါရမီတော်တွေဖြည့် ကျင့်ကြံအားထုတ်ရတယ်။

သမုဒ္ဒရာကြီးမှာ အစဉ်အတိုင်းနက်နဲသလို မြတ်စွာဘုရားရဲ့သာသနာတော်ကြီးမှာလည်း အကျင့်သိက္ခာတွေက တဖြည်းဖြည်း နက်နဲနက်နဲ အစဉ်အတိုင်း နက်သွားတာပါပဲ။

အဲဒီလို အစဉ်အတိုင်း နက်သွားတာကလည်း မြတ်စွာဘုရား၏သာသနာတော်မှာ အံ့ဖွယ်တစ်ခုပဲလို့ မြတ်စွာဘုရား ဟောကြားတာပါပဲ။ သမုဒ္ဒရာနဲ့နှိုင်းယှဉ်ပြီးတော့ ဟောကြားပါတယ်။

ဒုတိယမြောက် ကမ်းကိုမလွန်။ သမုဒ္ဒရာရေတွေဟာ အလွန်တည်ငြိမ်မှုရှိပါတယ်။ သမုဒ္ဒရာရဲ့သဘောဟာ အလွန်တည်

www.dhammadownload.com

ငြိမ်မှုရှိတယ်။ သမုဒ္ဒရာရေတွေ ကမ်းပေါ်လျှံတက်သွားတယ်၊ ကမ်းကိုလွန်သွားတယ်လို့ ဒီလိုမရှိကောင်းဘူးတဲ့။ တည်တည်ငြိမ်ငြိမ်နဲ့ သမုဒ္ဒရာရေတွေရှိနေသလို မြတ်စွာဘုရား၏ သာသနာတော်မှာလည်း မြတ်စွာဘုရား၏ သိက္ခာပုဒ်တွေကို၊ ကမ်းပါးတွေကို တပည့်သာဝကတွေက မလွန်ကြဘူး။

အဟံ = ငါဘုရားသည်၊ **သာဝကာနံ** = သာဝကပုဂ္ဂိုလ်တို့အား၊ **သိက္ခာပဒံ** = သိက္ခာပုဒ်ကို၊ **ပညတ္တံ** = ပညတ်တော်မူအပ်၏။ **တံ** = ထိုပညတ်အပ်သောသိက္ခာပုဒ်ကို၊ **မမ** = ငါဘုရား၏ **သာဝကာ** = တပည့်သားတို့သည်၊ **ဇီဝိတာဟေတု** = အသက်ဟူသောအကြောင်းကြောင့်လည်း၊ **နာတိက္ကမန္တိ** = မလွန်ကြကုန်၊ မကျော်လွန်ကြကုန်။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

သမုဒ္ဒရာရဲ့ရေတွေဟာ ကမ်းပေါ်လျှံတက်သွား၊ လွန်တက်သွားတယ်လို့ ဒီလိုမရှိကောင်းဘူးတဲ့။ မရှိကောင်းသလိုပဲ မြတ်စွာဘုရား၏ သာသနာတော်မှာလည်း ဒီအတိုင်းပါပဲ။ မြတ်စွာဘုရား ပညတ်ထားတဲ့ သိက္ခာပုဒ်တွေဟာ ကမ်းပါးတွေနဲ့တူတယ်။ ကမ်းတွေနဲ့တူတယ်။

www.dhammadownload.com

အဲဒီသိက္ခာပုဒ်တွေ ပညတ်ထားတဲ့ သိက္ခာပုဒ်ကမ်းတွေကို၊ စည်းတွေကို မြတ်စွာဘုရားရဲ့ တပည့်သား သံဃာတော်တွေက အသက်ဟူသောအကြောင်းကြောင့်တောင်မှ မလွန်ကျူးကြဘူး။ အသက်သာ အသေခံလိုက်မယ် သိက္ခာပုဒ်ကိုတော့ မပျက်စေရဘူး။ မရှိပါဘူးလား ... ရှိပါတယ်ဘုရား။

အဲဒီတော့ ခုခေတ်အခါတော့ တချို့တချို့သောပုဂ္ဂိုလ်တွေက သိက္ခာပုဒ်တွေ လွန်ကျူးနေကြတယ်။ တရားနာပုဂ္ဂိုလ်များ မျက်မှောက်မှာလည်းတွေ့နေရ၊ ဘယ်လိုသာဝကမျိုးတွေလဲ မြတ်စွာဘုရားစကားတွေ လွဲကုန်ပြီလား။ သာသနာနောက်ပိုင်းဖြစ်လို့ မြတ်စွာဘုရားရဲ့စကားတွေများ လွဲချော်တာများ ဖြစ်များ ဖြစ်သွားသလားလို့ မထင်ရပါဘူးလား ... ထင်ရပါတယ်ဘုရား။

တချို့လည်း သိက္ခာပုဒ်တွေလွန်ကျူးပြီးတော့ အမျိုးမျိုး ဖြစ်နေကြတာ အခုတရားနာပရိသတ်များ မျက်မှောက်မှာတွေ့နေရတော့ မယုံကြည်စရာလိုများ ထင်သွားရမလားဆိုတော့ မထင်ရဘူးတဲ့။

www.dhammadownload.com

အဲဒီသာဝကအရ ဦးကာဆရာတွေက -

မမ သာဝကာတိ = မမ သာဝကဟူသည်ကား၊ **သောတာပန္နာဒိကေ** = သောတာပန်အစရှိသော၊ **အရိယာ ပုဂ္ဂလေ** = အရိယာပုဂ္ဂိုလ်တို့ကို၊ **သန္ဓာယ** = ရည်ရွယ်၍၊ **ဝဒေတိ** = ဆို၏။

သာဝကအရ သာမန်ပုဂ္ဂိုလ်တွေမဟုတ်ဘူး။ ပုထုဇဉ်တွေ မဟုတ်ဘူးတဲ့။ သောတာပန်စတဲ့ အရိယာပုဂ္ဂိုလ်တွေ၊ သောတာပန်ဖြစ်သွားပြီးတဲ့ သောတာပန်စတဲ့ အရိယာဖြစ်သွားပြီးတဲ့ပုဂ္ဂိုလ်တွေ သီကွာပုဒ်ကို အသက်နဲ့လဲပြီးတော့ စောင့်ရှောက်ပါတယ်။ လွန်ပါရဲ့လား ... မလွန်ပါဘုရား။

ဇီဝိတဟေတူတိ နံ တိက္ကမန္တိဆိုတဲ့အတိုင်း အသက်နဲ့လဲပြီးတော့ စောင့်ရှောက်ကြတာပါပဲတဲ့။ အသက်နဲ့လဲပြီးတော့ စောင့်ရှောက်တဲ့ သာဓကတွေ တော်တော်များများပဲရှိပါတယ်။ တရားနာပရိသတ်များ မကြာခဏ နာကြားဖူးပါတယ်။

အသက်နဲ့လဲပြီးတော့ မြတ်စွာဘုရားရဲ့ သီကွာပုဒ်တွေကို မကျော်လွန်စေဘူး။ မကျော်လွန်စေဘဲ၊ မကျော်လွန်စေကြတာ၊ သီကွာပုဒ်ပညတ်တည်းဟူသော ကမ်းကိုမလွန်ကြတာလည်း မြတ်စွာဘုရားရဲ့သာသနာတော်မှာ အံ့ဖွယ်တစ်ခုပဲတဲ့။

www.dhammadownload.com

တော်တော်များများ သာဓကတွေရှိပါတယ်တဲ့။ အကျယ်တဝင့် သိပ်ကျယ်နေမှာစိုးနေရတယ်။ အသက်တည်းဟူသော အကြောင်းကြောင့် သိက္ခာပုဒ်ကိုမလွန်ကျူးဘဲနဲ့ အသက်အသေခံပြီးတော့ တရားထူးတရားမြတ်တွေ ရသွားတဲ့သာဓကတွေ အဋ္ဌကထာတွေမှာ တော်တော်များများပဲ ဖွင့်ထားတာရှိပါတယ်။

အဲဒီလို သိက္ခာပုဒ်တည်းဟူသော မြတ်စွာဘုရား ပညတ်တော်မူထားတဲ့ သိက္ခာပုဒ်တည်းဟူသော ကမ်းကိုလည်း အသက်ဟူသောအကြောင်းကြောင့်လည်း မလွန်ကျူးကြတာဟာလည်း မြတ်စွာဘုရား၏သာသနာတော်မှာ အံ့ဖွယ်တစ်ခုပဲတဲ့။ ဘယ်နခုရသွားပါပြီလဲ ... နှစ်ခုရသွားပါပြီဘုရား။ နှစ်ခုရသွားပြီ။

ရှုံ့ဖွယ်ဆယ်ပစ်။ သမုဒ္ဒရာကြီးထဲမှာ ဆင်သေကောင်ပုပ်၊ မြင်းသေကောင်ပုပ် အစရှိတဲ့ ဒီလိုအပုပ်ကောင်တွေ ကျလာတဲ့အခါ သမုဒ္ဒရာ လှိုင်းတံပိုးတွေကနေပြီးတော့ ကမ်းကိုပုတ်တင်လိုက်တာပဲ၊ သမုဒ္ဒရာထဲမှာ မထားဘူးတဲ့။

ဟတ္ထေန ဂဟေတွာဝိယ ဝိစိပဟာရေနေဝ ထလံ ဒိပတိ။

www.dhammadownload.com

ဟတ္ထေန = လက်ဖြင့်၊ **ဂဟေတ္ဘာဝိယ** = ကိုင်ယူလိုက်သကဲ့သို့၊ **ဝိစိပဟာရေနေဝ** = လှိုင်းတံပိုးအဟုန်ဖြင့်၊ **ထလံ** = ကုန်းပေါ်သို့၊ **ခိပတိ** = ပစ်ချ၏။

သမုဒ္ဒရာထဲမှာ ကျရောက်နေတဲ့၊ ဖြစ်လာတဲ့ ဆင်သေပုပ်၊ မြင်းသေပုပ် အစရှိတဲ့ ဒီလိုအပုပ်တွေကို သမုဒ္ဒရာ လှိုင်းတံပိုးတွေကနေ ကမ်းပေါ်ကို ပုတ်ပုတ်တင်လိုက်တယ်။ လက်နဲ့ ယူဆယ်တင်လိုက်သလိုပဲတဲ့။ အဲဒါလည်း သမုဒ္ဒရာကြီးမှာ အံ့ဖွယ်တစ်ခုပဲတဲ့။ အံ့ဖွယ်မကောင်းပါဘူးလား ... အံ့ဖွယ်ကောင်းပါတယ် ဘုရား။ မြတ်စွာဘုရားသာသနာတော်မှာလည်း ဒီအတိုင်းပဲတဲ့။

ယော သော ပုဂ္ဂလော ဒုဿီလော ပါပဓမ္မော အသုစိ သင်္ကဿရ ပဋိစ္ဆန္နကမ္မန္တော အာသမဏ္ဍော။

ယော သော ပုဂ္ဂလော = အကြင်ပုဂ္ဂိုလ်သည်၊ **ဒုဿီလော** = သီလမရှိဘူး။ **အာသမဏ္ဍော** = ရဟန်းမဟုတ်ပါဘဲလည်း၊ **သမဏပဋိညော** = ရဟန်းဟုဝန်ခံသည်၊ **ဟောတိ** = ဖြစ်၏။ **တေန** = ထိုရဟန်းနှင့်၊ **သံယော** = သံယောသည်၊ **နသံဝတိ** = မပေါင်းဖော်။

www.dhammadownload.com

သာသနာတော်မှာလည်း သမုဒ္ဒရာထဲမှာကျလာတဲ့ ဆင်သေပုပ်၊ မြင်းသေပုပ်တွေလို ဒုဿီလပုဂ္ဂိုလ်တွေလည်း ရှိတတ်တယ်တဲ့။ ရှိလား ... ရှိတတ်ပါတယ်ဘုရား။ ရှိတယ်တဲ့။

အဲဒီဒုဿီလပုဂ္ဂိုလ်တွေကိုလည်း သာသနာတော်ကြီးကတာရှည်မထားပါဘူးတဲ့။ သံဃာကနေပြီးတော့ အပေါင်းအဖော်မလုပ်တော့ဘူး။

ဒီပွမေဝ = လျင်စွာသာလျှင်၊ **နံ** = ထိုဒုဿီလပုဂ္ဂိုလ်ကို၊ သီလမရှိသောပုဂ္ဂိုလ်ကို၊ ရဟန်းမဟုတ်ပါဘဲနှင့် ရဟန်းဟုဝန်ခံသောပုဂ္ဂိုလ်ကို၊ **သန္နိပတိတ္တာ** = စည်းဝေး၍၊ **ဥက္ခိပတိ** = ထုတ်ပယ်လိုက်၏။

ရဟန်းမဟုတ်ဘဲနဲ့ ရဟန်းလုပ်နေလို့ရှိရင် တကယ်ထင်ရှားလို့ရှိရင် သံဃာကတော့ မခံတော့ဘူး။ နှုတ်ပယ်ပစ်လိုက်တာပဲတဲ့။ ခုခေတ်အခါလည်း နှုတ်ပယ်ကြတာပါပဲ။ သံဃာတော်တွေ မသန့်ရှင်းလို့ရှိရင် အကုန်လုံး အကြည်ညိုတွေပျက်၊ သံဃာကောင်းနဲ့ သံဃာဆိုး ခွဲလို့မရတော့ နေရာမှ ကျမှကျပါတော့မလား ... နေရာမကျပါဘုရား။ မကျဘူး။ ထုတ်ပယ်ပစ်ရတာပါပဲတဲ့။

www.dhammadownload.com

အဲဒီလို ဒုဿီလပုဂ္ဂိုလ်တွေကို နတ်ပယ်ပစ်တာဟာလည်း၊ ထုတ်ပယ်ပစ်လိုက်တာဟာလည်း မြတ်စွာဘုရား၏သာသနာတော်မှာ အံ့ဖွယ်ရာတစ်မျိုးပဲတဲ့။

သမုဒ္ဒရာရေထဲမှာကျလာတဲ့ ဆင်သေပုပ်၊ မြင်းသေပုပ်စသည်ကို သမုဒ္ဒရာ လိုင်းတံပိုးက ကမ်းပေါ်သို့ ပုတ်တင်လိုက်သလို မြတ်စွာဘုရားသာသနာတော်မှာလည်း သီလမရှိတဲ့ရဟန်းတော်တွေ၊ သီလပျက်နေတဲ့ရဟန်းတော်တွေ၊ ဒုဿီလပုဂ္ဂိုလ်တွေကို သံဃာကနေပြီးတော့ သာသနာပြင်ပသို့ ထုတ်ပယ်ပစ်လိုက်တာ သာသနာတော်မှာ အံ့ဖွယ်ရာတစ်မျိုးပါပဲတဲ့။ သုံးခုမြောက် သမုဒ္ဒရာရဲ့အံ့ဖွယ်နဲ့ သာသနာတော်၏အံ့ဖွယ်ဖြစ်ပေသည်။

လေးခုမြောက် သမုဒ္ဒရာရဲ့အံ့ဖွယ်နဲ့ သာသနာတော်၏ အံ့ဖွယ်မှာ **တစ်မည်ဖြစ်ခြင်း**။ သမုဒ္ဒရာရေဟာ ဂင်္ဂါမြစ်ကရေ၊ ယမုံနာမြစ်ကရေ၊ အစီရဝတီမြစ်ကရေ၊ သရဘူမြစ်ကရေ၊ မဟီမြစ်ကရေ မြစ်ကြီးငါးသွယ်ကနေပြီးတော့ သမုဒ္ဒရာထဲကိုစီးဆင်းသွားတယ်။ သမုဒ္ဒရာသို့ရောက်သွားတဲ့အခါ ခွဲခြားလို့မရတော့ဘူးတဲ့၊ သမုဒ္ဒရာရေပဲ။ ဂင်္ဂါမြစ်ရေလို့လည်းဆိုလို့မရ၊ ဂင်္ဂါမြစ်ကရေလို့လည်းဆိုလို့မရတော့ဘူး၊ ယမုံနာမြစ်ကရေလို့လည်းဆိုလို့မရ၊ အစီရဝတီမြစ်ကရေလို့လည်း ဒီလိုလည်းဆိုလို့မရ၊ သရဘူမြစ်ကရေလို့လည်းဆိုလို့မရ၊ မဟီမြစ်ကရေလို့ ဒီလိုခွဲခြားလို့မရ

www.dhammadownload.com

တော့ဘူး။ သမုဒ္ဒရာပဲ၊ သမုဒ္ဒရာရေပဲလို့ မခေါ်ရပါဘူးလား ... ခေါ်ရပါတယ်ဘုရား။ အဲဒါလည်း သမုဒ္ဒရာမှာ အံ့ဖွယ်ရာတစ်မျိုးပါပဲတဲ့။

မြတ်စွာဘုရားသာသနာတော်မှာလည်း ဒီအတိုင်းပါပဲ။ မင်းမျိုး၊ ပုဏ္ဏားမျိုး၊ ကုန်သည်မျိုး၊ ဆင်းရဲသားမျိုး စသည်ဖြင့် အမျိုးပေါင်းများစွာ သာသနာ့ဘောင်သို့ ဝင်ရောက်လာကြတယ်။ သာသနာ့ဘောင်သို့ရောက်လာတဲ့အခါကျတော့ ဒီရဟန်းကမင်း၊ ဒီရဟန်းကပုဏ္ဏား၊ ဒီရဟန်းကကုန်သည်၊ ဒီရဟန်းကသူဆင်းရဲပဲလို့ နာမည်အသီးသီး ခွဲထားသလား၊ မခွဲထားဘူးလား ... မခွဲထားပါဘုရား။ မခွဲထားဘူး။

သမဏာ သက္ယပုတ္တိယာတွေဝ သခီ ဂစ္ဆတိ။

သာကီဝင်မင်းသား ဘုရားသားတော်ရဟန်းပဲလို့၊ ရဟန်းလို့ပဲ တစ်မည်တည်း မဖြစ်သွားပါဘူးလား ... ဖြစ်သွားပါတယ်ဘုရား။ ရဟန်းပဲတဲ့။ တစ်မည်တည်းဖြစ်သွားရမှာ၊ ဖြစ်သွားရပါတယ်။ အဲဒီလို တစ်မည်တည်းဖြစ်သွားရတာလည်း မြတ်စွာဘုရားရဲ့သာသနာတော်မှာ အံ့ဖွယ်တစ်မျိုးပါပဲ။

www.dhammadownload.com

မြစ်ကြီးငါးသွယ်က စီးဆင်းလာတဲ့ရေတွေဟာ မဟာသမုဒ္ဒရာထဲကို ရောက်သွားတဲ့အခါ အကုန်လုံး သူတို့ရဲ့အမည်တွေပျောက်သွားပြီးတော့ ဘာရေတွေဖြစ်သွားပါလဲ ... သမုဒ္ဒရာရေတွေဖြစ်သွားပါတယ်ဘုရား။ သမုဒ္ဒရာရေပဲဖြစ်သွားတယ်။

အမျိုးအနွယ် အမျိုးမျိုးတွေထဲက မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူဌေးမျိုး၊ ကုန်သည်မျိုး၊ သူဆင်းရဲမျိုး စသည်ဖြင့် အမျိုးအနွယ် အမျိုးမျိုးတွေက သာသနာဘောင်သို့ ဝင်ရောက်လာတဲ့အခါ သာသနာထဲသို့ရောက်လာတော့ တစ်မည်တည်းပဲဖြစ်သွားတယ်။ သမဏာပဲ၊ ရဟန်းပဲ မခေါ်ရပါဘူးလား ... ခေါ်ရပါတယ်ဘုရား။

မင်းကြီးလို့ ခေါ်လို့ရပါသေးလား ... ခေါ်လို့မရပါဘုရား။ ပုဏ္ဏားကြီးလို့ ... ခေါ်လို့မရပါဘုရား။ သူဌေးကြီးလို့ရော ... ခေါ်လို့မရပါဘုရား။ သူဆင်းရဲကြီးပဲလို့ ... ခေါ်လို့မရပါဘုရား။ မရတော့ဘူး။ သမဏာပဲ၊ ရဟန်းပဲတဲ့။ တစ်မည်တည်းမဖြစ်သွားပါဘူးလား ... ဖြစ်သွားပါတယ်ဘုရား။ တစ်မည်ဖြစ်ခြင်းဖြစ်ပေသည်။

ငါးခုမြောက် **မယွင်းမတိုး**ဆိုသည်မှာ သမုဒ္ဒရာထဲသို့ မြစ်ကြီးငါးသွယ်ကနေ စီးဝင်လာတယ်။ မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာကနေ စီးဝင်လာတဲ့ရေတွေ၊ ရေတွေလည်း စီးဝင်ကြတယ်။

www.dhammadownload.com

တစ်ခါတစ်ရံ ကောင်းကင်ကမိုးတွေလည်း အလွန်ရွာသွန်ချတယ်။ အဲဒီလို မြစ်တွေကရေတွေ အလျင်အဟုန်တွေ စီးဝင်တယ်။ မိုးတွေကလည်း ရွာချတယ်။ ရွာချပင်ရွာချပြားသော်လည်း သမုဒ္ဒရာရေကတော့ တိုးလာတယ်လို့လည်း မရှိဘူးတဲ့။ လျော့သွားတယ်လို့လည်း ... မရှိပါဘုရား။ မိုးမရွာလို့ ရေတွေ လျော့သွားတယ်၊ မြစ်တွေက ရေတွေ အစီးနည်းသွားလို့ သမုဒ္ဒရာရေတွေ လျော့သွားတယ် ဒီလိုလည်း မရှိကောင်းဘူးတဲ့။

မြစ်တွေက ရေစီးဝင်တာမျှားလို့ မိုးတွေကသိပ်ရွာလို့ သမုဒ္ဒရာရေတွေ တိုးတက်လာတယ်လို့လည်း ... မရှိကောင်းပါဘုရား။ အံ့ဖွယ်ရာမကောင်းပါဘူးလား ... အံ့ဖွယ်ရာကောင်းပါတယ်ဘုရား။ အံ့ဖွယ်ရာကောင်းတယ်တဲ့။

မြတ်စွာဘုရားသာသနာတော်မှာလည်း ဒီအတိုင်းပါပဲတဲ့။ ရဟန်းတော်တွေ မြတ်စွာဘုရားသာသနာတော်မှာ နည်းမှန်လမ်းမှန် သတိပဋ္ဌာန်ဝိပဿနာတရားကို ကျင့်ကြံလို့ရှိရင် လမ်းဆုံးပန်းတိုင်လို့ခေါ်တဲ့ ရဟန္တာအဖြစ်သို့ ရောက်သွားကြတယ်။ ရဟန္တာအဖြစ်သို့ ရောက်သွားပြီးတဲ့အခါ နောင်ဘဝရှိသေးလား၊ မရှိတော့ဘူးလား ... မရှိတော့ပါဘုရား။ မရှိတော့ဘူး။

www.dhammadownload.com

မရှိတော့ ဘယ်ရောက်သွားသလဲ။ နိဗ္ဗာန်သို့ဝင်စံ၊ နိဗ္ဗာန်အငြိမ်းဓာတ်သို့ ဝင်စံသွားကြတယ်။ တစ်သာသနာမှာဆိုရင် ရေတွက်လို့မရလောက်အောင် ဘုရားတစ်ဆူတစ်ဆူမှာ ရဟန္တာဖြစ်ပြီးတော့ နိဗ္ဗာနဓာတ်သို့ ဝင်စံသွားတယ်။

အဲဒီလို ရဟန္တာပေါင်းများစွာ ရေတွက်လို့မရအောင် များပြားတဲ့ပုဂ္ဂိုလ်တွေ နိဗ္ဗာန်သို့ဝင်စံသွားတဲ့အခါ ဒီနိဗ္ဗာန်ကြီးက ကျယ်သွားသလားဆိုတော့ ဒီလိုလည်း ကျယ်သွားတယ်လို့ သဘောမရှိဘူးတဲ့။ သာသနာမရှိတော့တဲ့အခါဖြစ်လို့ နိဗ္ဗာနဓာတ်သို့ဝင်စံတဲ့ ရဟန္တာပုဂ္ဂိုလ်တွေမရှိတဲ့အတွက်ကြောင့် နိဗ္ဗာန်ကြီးဟာ ပြန်ကျဉ်းသွားတယ်လို့လည်း ... မရှိကောင်းပါဘုရား။ အံ့ဖွယ်ရာမကောင်းပါဘူးလား ... အံ့ဖွယ်ရာကောင်းပါတယ် ဘုရား။

မြတ်စွာဘုရားသာသနာတော်မှာ နိဗ္ဗာန်ဆိုတာရှိတယ်။ အဲဒီနိဗ္ဗာန်ဟာ နိဗ္ဗာန်ဝင်စံတဲ့ပုဂ္ဂိုလ်တွေ များပြားတဲ့အတွက်ကြောင့် နိဗ္ဗာနဓာတ်ကြီးက ကျယ်ပြန့်သွားတယ်၊ နိဗ္ဗာန်ဝင်စံတဲ့ပုဂ္ဂိုလ်တွေ မရှိလို့၊ သာသနာပအခါဖြစ်လို့ နိဗ္ဗာန်ဝင်စံတဲ့ပုဂ္ဂိုလ်တွေ မရှိတော့လို့ နိဗ္ဗာနဓာတ်ကြီးဟာ ပြန်ကျဉ်းလာတယ် ဒီလိုရှိကောင်းလား၊ မရှိကောင်းဘူးလား ... မရှိကောင်းပါဘုရား။ အံ့ဖွယ်ရာမကောင်း

www.dhammadownload.com

ပါဘူးလား ... အံ့ဖွယ်ရာကောင်းပါတယ်ဘုရား။ အံ့ဖွယ်ရာကောင်းတယ်။ မြတ်စွာဘုရားရဲ့သာသနာတော် မဟာသမုဒ္ဒရာနဲ့ တူနေပုံဖြစ်တယ်။ ငါးခုမြောက် မယွင်းမတိုး ဖြစ်ပေတယ်။

ဆယ်မျိုးရတနာဆိုသည်မှာ မဟာသမုဒ္ဒရာထဲမှာ ရတနာအမျိုးမျိုးတွေ ဆယ်မျိုးလောက် ရေတွက်လို့ရတယ်။ ဆယ်မျိုးထက်မကအောင်လည်း ရှိနေတတ်ပါတယ်တဲ့။ အဲဒီလို ရတနာအမျိုးမျိုးတွေ ရှိနေတာလည်း အံ့ဖွယ်ရာတစ်ခု ဖြစ်ပေတယ်။ အသူရာတို့ ပျော်မွေ့ဖို့ရာ အံ့ဖွယ်ရာတစ်ခုပဲတဲ့။ သမုဒ္ဒရာမှာတော့ ဘယ်သူတွေပျော်ကြပါသလဲ ... အသူရာတွေပျော်ကြပါတယ်ဘုရား။ မြတ်စွာဘုရားသာသနာတော်မှာ ဘယ်သူတွေပျော်ကြပါသလဲ ... ရဟန်းတော်တွေပျော်ကြပါတယ်ဘုရား။ ရဟန်းတော်တွေပျော်ကြတယ်။ တရားနာပုဂ္ဂိုလ်တွေပျော်ကြတယ်။ သာသနာ့အကျင့်ဓမ္မကို ကျင့်ကြတဲ့ပုဂ္ဂိုလ်တွေ ပျော်ကြတယ်။

တရားနာပရိသတ်များလည်း သာဝကထဲမှာတော့ ပါတာပါပဲတဲ့။ သတိပဋ္ဌာန်ဝိပဿနာတရားတွေ ကျင့်တဲ့ပုဂ္ဂိုလ်တွေ၊ သံသရာဘေးကို မြင်တဲ့ပုဂ္ဂိုလ်တွေဟာ ဘိက္ခု = ရဟန်းတွေပါပဲတဲ့။ ရဟန်းက အကြမ်းဖျင်းအားဖြင့် နှစ်မျိုးရှိတယ်တဲ့။ ဝိနည်းရဟန်း၊ သုတ္တန်ရဟန်းလို့ ဘယ်နှမျိုးပါတဲ့ ... နှစ်မျိုးရှိပါတယ်ဘုရား။

www.dhammadownload.com

ဘိက္ခတိ ယာစတီတိ ဘိက္ခု။

ဘိက္ခတိ ယာစတိ = တောင်းခံ၍ ဘုဉ်းပေးတတ်၏။ **ဣတိတာသ္မာ** = ထို့ကြောင့်၊ **ဘိက္ခု** = ဘိက္ခုမည်၏။

ဝိနည်းရဟန်းတွေ လယ်ထွန်ရတယ်၊ ကုန်သွယ်ရတယ်၊ ရောင်းဝယ်ရတယ်၊ အလုပ်ဌာနတွေမှာ ဝင်လုပ်ရတယ်လို့ ရှိကောင်းသလား ... မရှိကောင်းပါဘုရား။ ဘယ်လိုဘုဉ်းပေးကြလဲ၊ တောင်းခံပြီးတော့ ဘုဉ်းပေးရတယ်။ ဝစီပယောဂမပါဘဲနဲ့ ကာယပယောဂဖြင့် ဆွမ်းမခံကြရပါဘူးလား ... ဆွမ်းခံကြရပါတယ်ဘုရား။ အဲဒီလိုဆွမ်းခံပြီးတော့ သီတင်းသုံးနေတော်မူကြတဲ့၊ တရားအား ထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေကိုလည်း ဘိက္ခု = ရဟန်းဟုခေါ်ရပါတယ်။

သံသာရဘယံ ဣက္ခတီတိ ဘိက္ခု။

သံသာရဘယံ = အိုခြင်း နာခြင်း သေခြင်းစသော သံသရာဘေးဒုက္ခကို၊ **ဣက္ခတိ** = ရှုတတ်၏။ **ဣတိတာသ္မာ** = ထိုသံသရာဘေးဒုက္ခကို ရှုတတ်တဲ့အတွက်ကြောင့်၊ **ဘိက္ခု** = ဘိက္ခုမည်၏။

www.dhammadownload.com

သုတ္တန်ရဟန်း။ တရားနာပရိသတ်များ သံသရာဘေးကို မြင်ပါရဲ့လား ... သံသရာဘေးကို မြင်ပါတယ်ဘုရား။ မြင်လို့ရှိရင် ဘိက္ခုပဲတဲ့၊ ရဟန်းပဲ။ ဘာရဟန်းပါလဲ၊ သုတ္တန်ရဟန်း။ ရဟန်းကလည်း အမျိုးမျိုးတွေရှိသေးတာကိုး။ ဒါလည်း မသိထားသင့်ပါဘူးလား ... သိထားသင့်ပါတယ်ဘုရား။

ဘိက္ခု ဘိက္ခုလို့ဟောတော့ တို့လည်းမပါတော့ဘူးဆိုပြီးတော့ မြတ်စွာဘုရားသာသနာတော် အပြင်ဘက်ကနေပြီးတော့ ကိုယ်ကျင့်ချင်တာတွေကျင့်လို့ နေရာမှကျမှကျပါ့မလား ... နေရာမကျပါဘုရား။ နေရာမကျဘူး။ ဘိက္ခုထဲမှာပါနေတယ်။ ဘယ် ဘိက္ခုလဲဆိုတော့ သုတ္တန်ဘိက္ခု၊ သုတ္တန်ရဟန်းထဲမှာ ပါနေတယ်။ သံသရာဘေးကိုရှုတတ်တဲ့ ရဟန်းတွေ။

အသူရာတွေကတော့ သမုဒ္ဒရာမှာ ပျော်မွေ့ကြတယ်။ ရဟန်းတွေကတော့ ဘယ်မှာပျော်မွေ့ကြပါလဲ ... သာသနာတော်မှာပျော်မွေ့ကြပါတယ်ဘုရား။ သာသနာတော်မှာ ပျော်မွေ့ကြတယ်။ အဲဒီသာသနာတော်ကြီးမှာ ပျော်မွေ့နိုင်တာ ဂ-မျိုးတောင်ရှိတယ်။ ၆-မျိုးရောက်လာပါပြီ။ ပျော်မွေ့ဖွယ်ရာ သာသနာတော်မှာ ဘယ်နှမျိုးရှိပါသလဲ ... ဂ-မျိုးရှိပါတယ်ဘုရား။ ဂ-မျိုးရှိတယ်တဲ့။ အခုဘယ်နှမျိုးရောက်လာပါပြီလဲ ... ၆-မျိုးရောက်လာပါပြီဘုရား။ ၆-မျိုးရောက်လာပါပြီတဲ့။

www.dhammadownload.com

ဆယ်မျိုးရတနာဆိုတဲ့ သမုဒ္ဒရာကြီးမှာ ရတနာဆယ်မျိုး ရှိသလို အသူရာတို့ ပျော်မွေ့ဖို့ရာ ရတနာဆယ်မျိုးရှိနေသလို မြတ်စွာဘုရားသာသနာတော်ကြီးမှာလည်း ရတနာတွေရှိပါတယ်တဲ့။ ဘာရတနာတွေလည်း မသိရပါဘူးလား ... သိရပါတယ်ဘုရား။ အခုတော့ ကောင်းကောင်းမသိသေးဘူး။

သတိပဋ္ဌာန်တရား ၄-ပါးဟာလည်း ရတနာပဲတဲ့။ သမ္မပ္ပဓာန်တရား ၄-ပါးဟာလည်း ... ရတနာပါဘုရား။ ဣဒ္ဓိပါဒ် ၄-ပါးဟာလည်း ... ရတနာပါဘုရား။ ဗောဇ္ဈင် ၇-ပါးဟာလည်း ... ရတနာပါဘုရား။ မဂ္ဂင် ၈-ပါးဟာလည်း ... ရတနာပါဘုရား။ ဗိုလ် ၅-ပါးဟာလည်း ... ရတနာပါဘုရား။ ဒီလိုဗောဓိပက္ခိယတရားတွေဟာ ရတနာတွေပဲတဲ့။ ရတနာတွေထက်တောင် ပိုပြီးတော့ နှစ်သက်စရာ မကောင်းပါဘူးလား ... ကောင်းပါတယ်ဘုရား။ ကောင်းပါတယ်တဲ့။

တရားနာပရိသတ်များ လက်တွေ့ကတော့ သတိပဋ္ဌာန်၊ သတိပဋ္ဌာန်တရား ဘယ်နှပါးရှိပါသတဲ့ ... ၄-ပါးပါဘုရား။ ရတနာ ၄-ပါး တရားနာပရိသတ်များ ကျင့်သုံးနေကြတယ်။ ရတနာဆိုတာ -

www.dhammadownload.com

ရတီပေမံ ဇနေတီတိ ရတနာ။

ရတီပေမံ = နှစ်သက်ခြင်းကို၊ ချစ်ခင်မြတ်နိုးခြင်းကို၊ **ဇနေတိ** = ဖြစ်စေတတ်၏။ **ဣတိတသ္မာ** = ထိုမြတ်နိုးခြင်းကို ဖြစ်စေတတ်တဲ့အတွက်ကြောင့်၊ **ရတနာ** = ရတနာမည်၏။

ရတနာဆိုတာ ရတနာပိုင်ရှင်ကို မြတ်နိုးစေတတ်တယ်၊ နှစ်သက်စေတတ်တယ်၊ ဝမ်းမြောက်စေတတ်တဲ့အတွက်ကြောင့် ရတနာ။ လောကမှာရှိတတ်တဲ့ ရတနာလေးတွေ စိန်ရတနာလေး ရှိထားတဲ့ပုဂ္ဂိုလ် သူ့ရတနာလေး သူမနှစ်သက်ပါဘူးလား ... နှစ်သက်ပါတယ်ဘုရား။ အဲဒါလေးကြည့်ကြည့်ပြီးတော့ နှစ်သက်မှုတွေ၊ ဝမ်းမြောက်မှုတွေဖြစ်တယ်။ သြော်-မိမိမှာ ဒီရတနာလေး ရှိနေတာပဲ။ တချို့တော့ နားထဲတောင် ပန်ထားလိုက်သေးတယ်။ မပန်ထားပါဘူးလား ... ပန်ထားပါတယ်ဘုရား။ လက်ထဲမှာလည်း ဝတ်ထားလိုက်တယ်။ နှစ်သက်စရာကောင်းလွန်းလို့။ အဲဒီလို နှစ်သက်စရာကောင်းတာကို ဘာလို့ခေါ်ပါသတဲ့ ... ရတနာလို့ ခေါ်ပါတယ်ဘုရား။

လောကီရတနာတွေ နှစ်သက်ကြတာပါပဲ။ ရတနာပိုင်ရှင်တွေ၊ ရတနာရှိတဲ့ပုဂ္ဂိုလ်တွေကို အခြားအခြားသောပုဂ္ဂိုလ်တွေက နှစ်သက်ကြတယ်။ ကြည်ညိုကြတယ်။ သြော်-သူဝတ်

www.dhammadownload.com

ထားလိုက်တာ ကြည်ညိုစရာလေး၊ ချစ်ခင်စရာလေး စသည်ဖြင့် တစ်ပါးသောပုဂ္ဂိုလ်တွေကလည်း မကြည်ညိုကြပါဘူးလား ... ကြည်ညိုကြပါတယ်ဘုရား။ ကြည်ညိုခြင်း၊ ချစ်ခင်ခြင်းကို ဖြစ်စေတတ်တဲ့အတွက်ကြောင့် ရတနာတဲ့။ လောကီရတနာတွေ။

လောကုတ္တရာရတနာဆိုတာ သတိပဋ္ဌာန်တို့၊ သမ္မပ္ပဓာန်တို့၊ ဣဒ္ဓိပါဒ်တို့၊ ဗိုလ်တို့၊ ဗောဇ္ဈင်တို့၊ မဂ္ဂင်တို့လည်း ရတနာတွေပဲတဲ့။ မြတ်စွာဘုရားသာသနာတော်က ရတနာတွေ။ သတိပဋ္ဌာန်တရားဆိုရင်ပဲ ရတနာဖြစ်တာ တရားနာပရိသတ်များအတွက်တော့ ထင်ရှားနေတယ်။ ထင်ရှားပါရဲ့လား ... ထင်ရှားပါတယ်ဘုရား။ ထင်ရှားနေတယ်။

နှစ်သက်စရာကောင်းတဲ့ရတနာလို့ဆိုတာ သိပ်မထင်ရှားသေးဘူး။ ပွားများအားထုတ်လို့ အလယ်ပိုင်း၊ နောက်ပိုင်းကျတော့ နှစ်သက်စရာ အလွန်နှစ်သက်စရာကောင်းတဲ့ ရတနာပဲဆိုတာ တရားနာပရိသတ်များ ကိုယ်တိုင်မသိရပါဘူးလား ... သိရပါတယ်ဘုရား။

အားထုတ်ခါစမှာတော့ ရတနာမဟုတ်သေးဘူး၊ ရတနာလို့ မထင်ရှားသေးဘူး။ ရတနာတော့ ရတနာပါပဲတဲ့။ သတိပဋ္ဌာန်

www.dhammadownload.com

ဝိပဿနာတရားတွေ ပွားများအားထုတ်တယ်ဆိုတာ အစဝိုင်းမှာတော့ ဆင်းရဲဒုက္ခနဲ့ပဲ အရင်းတည်ရတာပါပဲ။ နှစ်သက်စရာရယ်လို့၊ ဝမ်းမြောက်စရာရယ်လို့ သိပ်တော့ မတွေ့ရသေးဘူး။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ပြတဲ့နည်းဖြင့် ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ ကွေးတယ်၊ ဆန့်တယ်၊ ကိုင်တယ်၊ ယူတယ်၊ မြင်တယ်၊ ကြားတယ် မမှတ်နေရပါဘူးလား ... မှတ်နေရပါတယ်ဘုရား။

မှတ်ခါစကတော့ စိတ်ကိုလည်းထိန်းထား၊ ထိုင်မှတ်တဲ့အခါမှာ ခန္ဓာကိုယ်ကြီးရယာပုထ်ကိုလည်း ထိန်းထားရတဲ့အတွက်ကြောင့် နှစ်သက်စရာရယ်လို့ကို မတွေ့ရတော့ဘူး။ သြော်-ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲတွေခံနေရတာပါကလား။ စိတ်ကိုထိန်းထားရတဲ့အတွက်ကြောင့် စိတ်ကဆင်းရဲတာကတစ်မျိုး၊ ခန္ဓာကိုယ်ကို ထိန်းထားရတဲ့အတွက်ကြောင့် ခန္ဓာကိုယ်ပင်ပန်းနေတာကတစ်မျိုး ရတနာလို့ထင်ပါသေးရဲ့လား ... မထင်ပါဘုရား။ မထင်သေးဘူးတဲ့။ ပင်ပန်းနေတာပဲထင်ရှားတယ်။

နာမရူပပရိစ္ဆေဒဉာဏ်မှာလည်း ပင်ပန်းတာပဲထင်ရှားတယ်၊ နှစ်သက်အားရမှုတွေဖြစ်တာ သိပ်တော့မထင်ရှားသေး

www.dhammadownload.com

ဘူးတဲ့။ တစ်ခါတစ်ခါလည်း နှစ်သက်အားရမှုကလေးတွေဖြစ်တာတော့ ရှိတော့ရှိပါတယ်။

ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ် မှတ်နေ။ မှတ်ခါစမှာတော့ ဘာမှတော့မထူးခြားသေးဘူးတဲ့။ ဖောင်းတာကလည်း မိမိဝမ်းဗိုက်ကပဲဖောင်း၊ မှတ်တာကလည်း မိမိကပဲမှတ်နေ၊ ပိန်တာကလည်း မိမိဝမ်းဗိုက်ကပဲပိန်သွား၊ မှတ်တာကလည်း မိမိကပဲမှတ်နေ၊ ထိုင်တာကလည်း မိမိကိုယ်ခန္ဓာကြီးကပဲထိုင်နေ၊ မှတ်တာလည်း မိမိကပဲမှတ်နေ၊ ထိတာကလည်း မိမိခန္ဓာကိုယ်ကြီးကပဲထိနေ၊ မှတ်တာကလည်း မိမိကပဲမှတ်နေတယ်လို့ သမာဓိဉာဏ်တွေ မဖြစ်သေးခင်တုန်းက ဒီခန္ဓာကိုယ်ကြီး တစ်လုံးတည်း တပေါင်းတည်းပဲလို့ မထင်နေခဲ့ပါဘူးလား ... ထင်နေခဲ့ပါတယ် ဘုရား။

နောက်သမာဓိဉာဏ်ဖြစ်လာပြီဆိုတဲ့အခါကျတော့ ဖောင်းတယ်လို့မှတ်လိုက်ရင် ဖောင်းနေတာကတခြား၊ မှတ်သိလိုက်တာကတခြား၊ ပိန်တယ်လို့မှတ်လိုက်ရင် ပိန်နေတာကတခြား၊ မှတ်သိလိုက်တာကတခြား၊ ထိုင်တယ်လို့မှတ်လိုက်ရင် ထိုင်နေတာကတခြား၊ မှတ်သိလိုက်တာကတခြား၊ ထိတယ်လို့မှတ်လိုက်ရင် ထိနေတာကတခြား၊ မှတ်သိလိုက်တာကတခြားလို့ ကွဲပြားကွဲပြားပြီးတော့ သိလာတယ်။

www.dhammadownload.com

ဖောင်းတာ၊ ပိန်တာ၊ ထိုင်တာ၊ ထိတာတွေက မသိတတ်တဲ့အတွက်ကြောင့် ရုပ်တရားလား၊ နာမ်တရားလား ... ရုပ်တရားပါဘုရား။ ရုပ်တရားဆိုတာ **အနာရမ္မဏ** = အာရုံကိုမသိတတ်ဘူး။ ဖောင်းတာ၊ ပိန်တာတွေက အာရုံကိုသိပါရဲ့လား ... မသိပါဘုရား။ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်လို့ မှတ်သိမှတ်သိလိုက်တာက အာရုံကိုသိတတ်တယ်။ ဖောင်းတာကတစ်မျိုး၊ ပိန်တာကတစ်မျိုး၊ ထိုင်တာကတစ်မျိုး၊ ထိတာကတစ်မျိုးလို့ မသိပါဘူးလား ... သိပါတယ်ဘုရား။ အဲဒီလိုသိတတ်တဲ့အတွက်ကြောင့် သူကိုဘာလို့ခေါ်ရပါသလဲ ... နာမ်တရားလို့ခေါ်ပါတယ်ဘုရား။ နာမ်တရားလို့ခေါ်ရတယ်။ ရုပ်တရားနဲ့နာမ်တရား ကွဲပြားပြီးတော့ သိသွားတယ်။

ဒီခန္ဓာကိုယ်ထဲမှာ ငါကောင်လေးဆိုတာမရှိဘူး။ ရုပ်တရား နာမ်တရား နှစ်ပါးပဲရှိတယ်လို့ ယောဂီများ ဆုံးဖြတ်ပြီးတော့ မသိပါဘူးလား ... ဆုံးဖြတ်ပြီးသိပါတယ်ဘုရား။ ငါငါလို့ပြောနေရတာ သူတစ်ပါးတွေနားလည်ရအောင် လောကဝေါဟာရအားဖြင့် ပြောနေရတာ။ တကယ်တော့ ငါကောင်လေးမရှိဘူးလို့ တရားနာပရိသတ်များ ဆုံးဖြတ်ပြီးတော့ မသိပါဘူးလား ... ဆုံးဖြတ်ပြီးသိပါတယ်ဘုရား။

www.dhammadownload.com

နာမရူပပရိစ္ဆေဒဉာဏ် အတ္တဒိဋ္ဌိကွာ၊ သက္ကာယဒိဋ္ဌိကွာ။ အပါယ်တံခါးပိတ်ဖို့ရာ အကောင်းဆုံးအခြေခံကို ရရှိသွားပြီတဲ့။ အပါယ်သံသရာနဲ့ဝေးသွားပြီ။ ဘယ်နရက်လောက်များ အားထုတ်ရပါမလဲဘုရားဆိုတော့ ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်က ၃-ရက်လောက်နဲ့ပဲ နာမရူပပရိစ္ဆေဒဉာဏ်ရောက်တာ များပါတယ်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ပြတဲ့နည်းဖြင့် တကယ်တမ်း စူးစူးစိုက်စိုက် ရိုရိုသေသေ ဆရာသမားများ ညွှန်ပြတဲ့အတိုင်း ရွှမှတ်တဲ့ယောဂီပုဂ္ဂိုလ် ၃-ရက်နဲ့လည်း ရောက်တယ်။ ၅-ရက်နဲ့ရောက်တဲ့ပုဂ္ဂိုလ်က များပါတယ်။ ၅-ရက်နဲ့ သက္ကာယဒိဋ္ဌိကွာတယ်။ အပါယ်တံခါးပိတ်ဖို့ရာ အခြေခံကောင်းရတယ်ဆိုတော့ သတိပဋ္ဌာန်တရား အားမထုတ်သင့်ပါဘူးလား ... အားထုတ်သင့်ပါတယ်ဘုရား။ အားထုတ်သင့်တယ်တဲ့။

အဲဒီမှာတော့ နှစ်သက်အားရမှုကလေးတွေကတော့ မရှိသေးဘူး။ တစ်ခါတစ်ခါတော့လည်း ဖြစ်သွားတယ်။ တစ်ခါတစ်ခါတော့လည်း ဖောင်းတာ၊ ပိန်တာလေး နှစ်ခုပဲရှိတယ်။ ခန္ဓာကိုယ်လည်း မရှိတော့ဘူး။ ဘယ်လိုဖြစ်လို့ ကောင်းသွားမှန်း မသိဘူး။ တော်တော်ပဲ နှစ်သက်အားရမှုတွေဖြစ်သွားတယ်။

www.dhammadownload.com

နောက်တစ်ခါလည်း အဲဒီလိုရအောင် ပြန်ကြိုးစားတယ်။ ရသလား၊ မရဘူးလား ... မရပါဘုရား။ ကြာလေမရလေပဲ။ သူ အဆင့်မှမဟုတ်သေးပဲကိုး။ တရားကနေပြီးတော့ ယောဂီကို ဆွဲခေါ်လိုက်တယ်။ တရားတော်ရဲ့သဘောဆိုတာ ဒီလိုရှိပါတယ်၊ ဒီလိုချမ်းသာခွင့်ရပါတယ်၊ ဒီလိုနှစ်သက်စရာကောင်းပါတယ်လို့ တရားကနေ ဘယ်သူကိုဆွဲခေါ်လိုက်လဲ ... ယောဂီကိုဆွဲခေါ်လိုက်ပါတယ်ဘုရား။ ယောဂီက လိုချင်နေတော့ ဆင့်ကာဆင့်ကာမှတ် လောဘတွေကထွက်နေတော့ ရသလား၊ မရဘူးလား ... မရပါဘုရား။ မရဘူး။ သူ့အဆင့်မရောက်သေးတော့ မရသေးဘူး။ ကိုယ်ပင်ပန်း၊ စိတ်ပင်ပန်းတာပဲ အနည်းငယ်ထင်ရှားတယ်။ ဆင့်ကာဆင့်ကာမှတ် ဆရာသမားတွေ ညွှန်ကြားတဲ့အတိုင်း ဆင့်ကာဆင့်ကာမှတ် ဉာဏ်စဉ်တစ်ဆင့် တက်သွားတယ်။

ပစ္စယပရိဂ္ဂဟဉာဏ် အကြောင်းနဲ့အကျိုးကိုသိတဲ့ဉာဏ်။ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်မှတ်နေ။ ယောဂီက ဉာဏ်သက်ဝင်လာတဲ့အခါ အကြောင်းနဲ့အကျိုးကို ကွဲပြားပြီးတော့ သိလာတယ်။ ဖောင်းတာ၊ ပိန်တာ၊ ထိုင်တာ၊ ထိတာတွေက ရှေ့ကပေါ်ပေါ်ပေးနေလို့ မှတ်သိစိတ်က နောက်ကလိုက်လိုက်ပြီးတော့ မှတ်နေရတာပဲ။ ဖောင်းတာ၊ ပိန်တာတွေရှိနေလို့ မှတ်သိစိတ်ကဖြစ်နေတာပဲ။ ဉာဏ်ရှိတဲ့ယောဂီပုဂ္ဂိုလ် မသိသွားပါဘူးလား ... သိသွားပါတယ်ဘုရား။

www.dhammadownload.com

ရှေ့ကဖြစ်ဖြစ်နေ၊ ရှေ့ကပေါ်ပေါ်ပေးနေတာက အကြောင်းလား။ အကျိုးလား ... အကြောင်းပါဘုရား။ နောက်ကလိုက်လိုက်ပြီး မှတ်နေရတာ အကျိုးတရား။ ဖောင်းတာ၊ ပိန်တာ၊ ထိုင်တာ၊ ထိတာက ရှိနေလို့၊ ပေါ်ပေးနေလို့ မှတ်သိစိတ်တွေ မှတ်နေရတာပဲ။ ဖောင်းတာ၊ ပိန်တာ၊ ထိုင်တာ၊ ထိတာက အကြောင်းပဲ၊ မှတ်သိစိတ်က အကျိုးပဲလို့ ဉာဏ်ထက်တဲ့ယောဂီပုဂ္ဂိုလ်က ကိုယ်တိုင်ပဲသိသွားတယ်။ အဲဒီဉာဏ်အဆင့်မှာတော့ ဖောင်းတာ၊ ပိန်တာတွေက အမျိုးမျိုးပြောင်းလဲပြီးတော့ ဖောင်းနေ၊ ပိန်နေတတ်တယ်။ ဘေးဘက်ကိုလည်းကပ်ပြီးတော့ ဖောင်းနေ၊ ပိန်နေ၊ ကျောဘက်ကိုလည်းကပ်ပြီးတော့ ဖောင်းနေ၊ ပိန်နေ၊ ရင်ဝမှာလည်းတက်ပြီးတော့ ဖောင်းနေ၊ ပိန်နေ ဖြစ်နေတတ်တယ်။

ဆရာသမားများက ဝမ်းဗိုက်မှာ စူးစိုက်ထားရမယ်။ မှာကြားတဲ့အတိုင်း ရင်ဝသို့ရွှေ့သွားတော့ အချို့အချို့သော ယောဂီများက မမှတ်တတ်ဘူး။ "တပည့်တော် ဖောင်းတာ၊ ပိန်တာ ဝမ်းဗိုက်မှာ မရှိတော့ဘူးဘုရား၊ ရင်ဝသို့ ရောက်သွားပါပြီဘုရား။ ဘယ်လိုများမှတ်ရမလဲဘုရား"။ မကြာခဏ လျှောက်ထားတယ်။ မလျှောက်ထားတတ်ပါဘူးလား ... လျှောက်ထားတတ်ပါတယ်ဘုရား။

www.dhammadownload.com

ရင်ဝရွှေ့သွားရင်လည်း ရင်ဝမှာပဲ ဖောင်းတယ်၊ ပိန်တယ်၊ ဖောင်းတယ်၊ ပိန်တယ် မမှတ်ရပါဘူးလား ... မှတ်ရပါတယ်ဘုရား။ တစ်ခါတလေ ငယ်ထိပ်ရောက်သွားတယ်ဘုရားတဲ့။ ငယ်ထိပ်မှာ သွားပြီးတော့ ဖောင်းတာ၊ ပိန်တာတွေဖြစ်နေတယ်တဲ့။ ငယ်ထိပ်မှာ ဖောင်းတာ၊ ပိန်တာဖြစ်တော့လည်း ငယ်ထိပ်ကိုပဲ ရွှေ့ပြီးတော့ မမှတ်ရပါဘူးလား ... မှတ်ရပါတယ်ဘုရား။ တချို့လည်း လက်မှာသွားပြီးတော့ ဖောင်းတာ၊ ပိန်တာဖြစ်နေတယ်ဘုရားတဲ့။ လက်ကိုပဲရွှေ့ပြီးတော့ မမှတ်ရပါဘူးလား ... မှတ်ရပါတယ်ဘုရား။

ဖောင်းတာ၊ ပိန်တာတွေ ရွှေ့တိုင်းရွှေ့တိုင်း မှတ်သိစိတ်က နောက်ကလိုက်လိုက်ပြီးမှတ်နေရတော့ ယောဂီက မသိသွားပါဘူးလား ... သိသွားပါတယ်ဘုရား။ ဖောင်းတာ၊ ပိန်တာတွေက အကြောင်း၊ မှတ်သိစိတ်က အကျိုးတရားလို့ အကြောင်းနဲ့အကျိုးကိုသိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ်။ အဲဒီဉာဏ်မှာလည်း ရတနာဖြစ်တာကတော့ သိပ်တော့မထင်ရှားဘူး။ သူလည်း တစ်ခါတစ်ခါတော့လည်း ရတနာလို့တော့ ထင်သွားတတ်တယ်။ အရောင်အလင်းလေးတွေ စိမ်းစိမ်း နီနီ ဝါဝါ ပြာပြာလေးတွေ ဒီလိုတွေ့လာတတ်တယ်။ မတွေ့ဖူးသေးတဲ့ အရောင်အဆင်းလေးတွေ တွေ့တွေ့လာတော့ နှစ်သက်တဲ့သဘောလေး၊ အားရတဲ့သဘောလေးတော့ မဖြစ်တတ်ပါဘူးလား ... ဖြစ်တတ်ပါတယ်ဘုရား။

www.dhammadownload.com

သိပ်တော့မထင်ရှားသေးဘူးတဲ့။ ပင်ပန်းတာကပဲ အနည်းငယ်ထင်ရှားနေသေးတယ်။ အဲဒီဉာဏ်ရောက်သွားရင်တော့ ယောဂီအတွက် ဝိပဿနာရှုမှတ်ရတာ အခြေခံကောင်းတော့ရသွားပြီတဲ့။ အဲဒီဉာဏ်ရောက်သွားတဲ့၊ ပစ္စယပရိဂ္ဂဟဉာဏ်ရောက်သွားတဲ့ပုဂ္ဂိုလ်က အထွေထွေအမှတ်ကလေးတွေ တကယ်သတိထားပြီးမှတ်လိုက်ရင် တကယ်ရသွားတတ်တယ်။ ယောဂီတွေ တရားအတက်နေးတယ်ဆိုတာ ကမ္မဋ္ဌာန်းဆရာတွေတော့ သိကြတယ်။

ဘာကြောင့်နေးတတ်သလဲဆိုတော့ အထွေထွေအမှတ်ကို ရအောင်မမှတ်နိုင်သေးတဲ့အတွက်ကြောင့် မမှတ်တတ်သေးတော့ တရားတွေနေးနေတတ်တယ်။ အဲဒီဉာဏ်ရောက်သွားတဲ့အခါ အထွေထွေအမှတ်တွေမှတ်လို့ ရလာတတ်ပါတယ်တဲ့။ အကြောင်းနဲ့အကျိုးကိုသိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ် ရောက်သွားတဲ့အခါ ဣရိယာပုထ်ကြီး ၄-ပါးကစပြီးတော့ အထွေထွေအမှတ်တွေ မှတ်လို့ပိုရလာတတ်ပါတယ်။

ယခုတရားနာပရိသတ်များလို သမာဓိဉာဏ်ရှိလို့ ပစ္စယပရိဂ္ဂဟဉာဏ် ရောက်ဖူးတဲ့ပုဂ္ဂိုလ်တွေ တရားနာရာက ထရတော့မယ်ဆိုရင် အမြန်မထဘဲနဲ့ စိတ်ကိုအာရုံပြုကြည့်လိုက်ရင်

www.dhammadownload.com

ထချင်တဲ့စိတ်က ထင်ရှားနေပါရဲ့လား ... ထင်ရှားနေပါတယ် ဘုရား။ ထင်ရှားနေတယ်။ သာမန်သတိထားရင်တော့ ... မထင်ရှားပါဘုရား။ မထင်ရှားဘူး။ အထူးသတိထားလိုက်တဲ့အခါ ထင်ရှားတယ်။ ထင်ရှားတော့ ထချင်တယ်၊ ထချင်တယ် မှတ်လို့ မရပါဘူးလား ... မှတ်လို့ရပါတယ်ဘုရား။

နောက်ပြီးမှ ထချင်တဲ့စိတ်ကြောင့်ဖြစ်တဲ့ လေတွေကနေ တွန်းကန်နေလို့ ရှေ့ကိုအားယူလိုက်တာကိုလည်း အားယူတယ်၊ အားယူတယ်၊ လက်ထောက်လိုက်တာကိုလည်း ထောက်တယ်၊ ထောက်တယ်၊ အားတွေပြည့်လာတဲ့အခါကျတော့ ခန္ဓာကိုယ် အမူအရာ တရွေ့ရွေ့ အပေါ်ကို ရွေ့ရွေ့တက်သွားတာကိုပဲ မြန်မာ ဝေါဟာရအားဖြင့် ထတယ်၊ ထတယ် မှတ်လို့မရပါဘူးလား ... မှတ်လို့ရပါတယ်ဘုရား။

ထချင်တဲ့စိတ်ကြောင့် ထရတာပဲ။ ထချင်တဲ့စိတ်က အကြောင်းလား အကျိုးလား ... အကြောင်းပါဘုရား။ အကြောင်း။ ထတဲ့ကိုယ်အမူအရာကြီးက ... အကျိုးတရားပါဘုရား။ ပစ္စယ ပရိဂ္ဂဟဉာဏ်ရောက်နေတဲ့ပုဂ္ဂိုလ် သတိထားလိုက်ရင် သိသွား တယ်။ ထချင်တဲ့စိတ်ကြောင့် ထရတာပဲဆိုတာကတော့ စိန္တာ မယဉာဏ်နဲ့ လူတွေက၊ ပုဂ္ဂိုလ်တွေက သိတော့သိကြတာပဲ။

www.dhammadownload.com

ဒါပေမဲ့လည်း အဲဒီစိန္တာမယညာဏ်လောက်နဲ့တော့ မင်္ဂ တရား၊ ဖိုလ်တရားတွေ ရနိုင်သလား၊ မရနိုင်ဘူးလား ... မရနိုင် ပါဘုရား။ မရနိုင်ဘူး။ အခုလို ဘာဝနာမယညာဏ်နဲ့ သိလာတဲ့ အခါကျတော့ မင်္ဂဖိုလ်နိဗ္ဗာန်တိုင်အောင် ရရှိသွားနိုင်တယ်။

ထချင်တဲ့စိတ်ကြောင့် ထရတာပဲ။ ထချင်တဲ့စိတ်က အကြောင်း။ ထတဲ့ကိုယ်အမူအရာကြီးက အကျိုးတရား။ အကြောင်း နဲ့အကျိုးကိုသိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ရောက်တဲ့ ယောဂီပုဂ္ဂိုလ် မှတ်လို့ရသွားတာတ်တယ်။

ရပ်ရာကနေ သွားတဲ့အခါမှာလည်း ဒီအတိုင်းပဲ။ သွားရာ ကနေ ရပ်တဲ့အခါမှာလည်း ဒီအတိုင်းပဲ၊ ရပ်ရာကနေ ထိုင်ရတော့ မယ့်အခါမှာလည်း ဒီအတိုင်းပဲတဲ့။ ထချင်တဲ့စိတ်ကို မှတ်လို့ရသွား တာနဲ့ ဉာဏ်စဉ်ကလည်း နှစ်ဆင့်တော့ ဆုံးဖြတ်လို့ရသွားပြီတဲ့။ ထချင်တဲ့စိတ်က သိတတ်တဲ့အတွက်ကြောင့် နာမ်တရားလား၊ ရုပ်တရားလား ... နာမ်တရားပါဘုရား။ ဟုတ်မှဟုတ်ရဲ့လား၊ ယောဂီတွေ တချို့လည်း မဖြေနိုင်တော့ဘူး။

ထချင်တဲ့စိတ်က သိတတ်တဲ့အတွက်ကြောင့် နာမ် တရားလား၊ ရုပ်တရားလား ... နာမ်တရားပါဘုရား။ နာမ်တရား ဆိုတာ အာရုံကိုသိတာ။ ထချင်နေတာကို သူမသိနေပါဘူးလား

www.dhammadownload.com

... သိနေပါတယ်ဘုရား။ သိတတ်တဲ့အတွက်ကြောင့် နာမ်တရား။ ထနေတဲ့ကိုယ်အမူအရာကြီးက သိတတ်သလား၊ မသိတတ်ဘူးလား ... မသိတတ်ပါဘုရား။ မသိတတ်တဲ့အတွက်ကြောင့် ... ရုပ်တရားပါဘုရား။ ရုပ်နဲ့နာမ်နဲ့လည်း ကွဲပြားပြီးတော့ မသိသွားပါဘူးလား ... သိသွားပါတယ်ဘုရား။

ရုပ်နဲ့နာမ်နဲ့ ကွဲပြားပြီးတော့ သိတာကို ပါဠိလို နာမရူပပရိစ္ဆေဒဉာဏ်။ နာမ-က နာမ်၊ ရူပ-က ရုပ်၊ ပရိစ္ဆေဒ-က ပိုင်းခြားတာ၊ ဉာဏ-က ဉာဏ်၊ သိတာ။ နာမ်နဲ့ရုပ်ကို ပိုင်းခြားပြီးတော့ သိတဲ့ဉာဏ်။ အဲဒီဉာဏ်လေးရတယ်ဆိုတာ ကိုယ်တိုင် မဆုံးဖြတ်နိုင်ပါဘူးလား ... ကိုယ်တိုင်ဆုံးဖြတ်နိုင်ပါတယ်ဘုရား။

ထချင်တဲ့စိတ်ကြောင့် ထရတာပဲ၊ ထချင်တဲ့စိတ်က အကြောင်းလား၊ အကျိုးလား ... အကြောင်းတရားပါဘုရား။ အကြောင်းတရား။ ထနေတဲ့ကိုယ်အမူအရာကြီးက ... အကျိုးတရားပါဘုရား။ အကြောင်းနဲ့အကျိုးကိုသိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ် မိမိသန္တာန်မှာရရှိပြီလို့ ဆုံးဖြတ်လို့ ... ရပါတယ်ဘုရား။ ရပြီတဲ့။ ချင်စိတ်ကလေးကို မှတ်လို့ရတာနဲ့ ဉာဏ်စဉ်နှစ်ဆင့် မိမိရထားပြီလို့ မဆုံးဖြတ်နိုင်ပါဘူးလား ... ဆုံးဖြတ်နိုင်ပါတယ်ဘုရား။ ဆုံးဖြတ်နိုင်တယ်။

www.dhammadownload.com

ဒါကြောင့်မို့လို့ ယောဂီများ ချင်စိတ်ကစပြီးတော့ မမှတ်နေရပါဘူးလား ... မှတ်နေရပါတယ်ဘုရား။ မှတ်နေရတယ်။ အဲဒီလို ချင်စိတ်ကို မှတ်လို့ရသွားပြီဆိုရင် ဉာဏ်စဉ်နှစ်ဆင့်ရပြီလို့ ကိုယ်တိုင်ဆုံးဖြတ်လို့ရပြီလား ... ရပါပြီဘုရား။

ဣမိနာ ပန ဉာဏေန သမ္မန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နောနာမ ဟောတိ။

ဣမိနာ ပန ဉာဏေန = ဤသို့အကြောင်းအကျိုးကို သိသော ပစ္စယပရိဂ္ဂဟဉာဏ်နှင့်၊ **သမ္မန္နာဂတော** = ပြည့်စုံသော၊ **ဝိပဿကော** = ဝိပဿနာတရားအားထုတ်သော ယောဂီပုဂ္ဂိုလ်သည်၊ **ဗုဒ္ဓသာသနေ** = မြတ်စွာဘုရား၏သာသနာတော်မြတ်၌၊ **လဒ္ဓဿသော** = ရအပ်သော သက်သာရာရှိသည်ဖြစ်၍၊ **လဒ္ဓပတိဋ္ဌော** = ရအပ်သော ထောက်ရာတည်ရာရှိသည်ဖြစ်၍၊ **နိယတဂတိကော** = ကောင်းမြတ်သော သုဂတိဘဝမြဲသော၊ **စူဠသောတာပန္နောနာမ** = အငယ်စားသောတာပန်မည်သည်၊ **ဟောတိ** = ဖြစ်၏။ **ဣတိ** = ဤသို့၊ **အဋ္ဌကထာစရိယော** = အဋ္ဌကထာဆရာသည်၊ **သံဝဏ္ဏေတိ** = ကောင်းစွာမသွေ ဖွင့်ပြတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

www.dhammadownload.com

အကြောင်းအကျိုးကိုသိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်နေတဲ့ပုဂ္ဂိုလ်ဟာ မြတ်စွာဘုရားသာသနာတော်မှာ ထောက်ရာတည်ရာ ရသွားပါပြီတဲ့။ ဘယ်လိုဝါဒမျိုးတွေနဲ့ ပြောပြောဟော ဟော မတုန်လှုပ်တော့ပါဘူး။ မြတ်စွာဘုရားလက်ထက်တော် အခါက အဟေတုကဒိဋ္ဌိ၊ ဝိသမဟေတုဒိဋ္ဌိတွေဆိုတာ အလွန်ထင်ရှားခဲ့တယ်တဲ့။ အခုခေတ်အခါလည်း ထင်ရှားသေးတာပါပဲ။

အဟေတုကဒိဋ္ဌိဆိုတာ ပုဂ္ဂိုလ်သတ္တဝါတွေ ချမ်းသာတယ်၊ ဆင်းရဲတယ်ဆိုတာ အလိုလိုချမ်းသာတယ်၊ အလိုလိုဆင်းရဲတယ်။ အကြောင်းမရှိဘူးတဲ့။ ဟေတုဆိုတာ အကြောင်း၊ အဟေတုဆိုတာ အကြောင်းမရှိဘူး။ အကြောင်းမရှိဘဲနဲ့ ပုဂ္ဂိုလ်သတ္တဝါတွေ အလိုလိုချမ်းသာတယ်၊ အလိုလိုဆင်းရဲတယ်လို့ ယူဆတဲ့ အဟေတုကဒိဋ္ဌိနဲ့ ဘယ်လိုပဲဟောဟော၊ ဘယ်လိုပဲပြောပြော ပစ္စယပရိဂ္ဂဟဉာဏ်သို့ရောက်နေတဲ့ ယောဂီပုဂ္ဂိုလ်က ယုံပါတော့မလား ... မယုံတော့ပါဘုရား။ မယုံတော့ဘူး။

ကိုယ်ကိုယ်တိုင် အကြောင်းနဲ့အကျိုးကို သိထားတယ်။ ကိုယ့်စိတ်တွေက စိတ်ကောင်းစိတ်မြတ်တွေဖြစ်လို့ရှိရင် ကောင်းတဲ့ကိုယ်အမူအရာတွေ၊ နှုတ်အမူအရာတွေဖြစ်လို့ ကောင်းကျိုးတွေခံစားရတာ ကိုယ်တိုင်မသိရပါဘူးလား ... သိရပါတယ်ဘုရား။

www.dhammadownload.com

ကိုယ့်စိတ်က မကောင်းတော့ဘူး၊ စိတ်ဆိုးစိတ်ညှဉ်ကြီး တွေဖြစ်သွားတဲ့အခါ မကောင်းတဲ့ ကိုယ်အမူအရာ၊ နှုတ်အမှုအရာတွေဖြစ်လို့ မကောင်းတဲ့ အပြစ်ဒဏ်တွေခံရတာ ကိုယ် ကိုယ်တိုင် မသိရပါဘူးလား ... သိရပါတယ်ဘုရား။ သိတော့ အကြောင်းမရှိဘဲနဲ့ ပုဂ္ဂိုလ်သတ္တဝါတွေ ချမ်းသာတယ်၊ ဆင်းရဲ တယ်ဆိုတာ ဘယ်လိုပဲဟောဟော၊ ဘယ်လိုပဲပြောပြော ယုံပါ တော့မလား ... မယုံတော့ပါဘုရား။ မတုန်လှုပ်တော့ဘူး။ သာသနာတော်မှာ ထောက်ရာတည်ရာ ရသွားပါပြီတဲ့။

ဝိသမဟေတုဒိဋ္ဌဆိုတာကတော့ ဖန်ဆင်းဝါဒတဲ့။ ပုဂ္ဂိုလ် သတ္တဝါတွေကို ဗြဟ္မာ၊ ဗိဿနိုးစတဲ့ တန်ခိုးရှင်တွေက ဖန်ဆင်း ထားတာ။ ဖန်ဆင်းတာက အကြောင်း၊ ပုဂ္ဂိုလ်သတ္တဝါတွေ ဖြစ် လာတာက ... အကျိုးပါဘုရား။ ဖန်ဆင်းတာကတော့ ပုဂ္ဂိုလ် သတ္တဝါတွေ အကုန်လုံး ချမ်းသာအောင်၊ ပြည့်စုံအောင်၊ တင့် တယ်အောင် ဖန်ဆင်းပေးတာပဲ။ အကုန်လုံး ချမ်းသာအောင်၊ ကြွယ်ဝအောင်လို့ ရုပ်ရည်အဆင်း လှပတင့်တယ်အောင် ဖန် ဆင်းရှင်တွေက မေတ္တာ၊ ကရုဏာရှင်တွေဆိုတော့ ဖန်ဆင်းပေး တယ်။ ဖန်ဆင်းပေးတဲ့အတိုင်း ပုဂ္ဂိုလ်သတ္တဝါတွေ လာပြီးတော့ ဖြစ်တဲ့အခါကျတော့ အကုန်လုံး ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေကြီးပဲ ဖြစ်သလား၊ မဖြစ်ဘူးလား ... မဖြစ်ပါဘုရား။ မဖြစ်ဘူးတဲ့။

www.dhammadownload.com

တချို့ကလည်းပြည့်စုံတယ်၊ အလွန်ပြည့်စုံတယ်။ စိတ်နေစိတ်ထားလည်းပြည့်စုံ၊ ပစ္စည်းပစ္စယတွေလည်းပြည့်စုံ၊ ရုပ်ရည်အဆင်းလည်းပြည့်စုံတယ်။ ဒီလိုပုဂ္ဂိုလ်တွေလည်းမရှိတတ်ပါဘူးလား ... ရှိတတ်ပါတယ်ဘုရား။

တချို့တချို့သောပုဂ္ဂိုလ်တွေက အသင့်အတင့်ပြည့်စုံတယ်။ စိတ်နေစိတ်ထားလည်းအသင့်အတင့်၊ ပစ္စည်းဥစ္စာလည်းအသင့်အတင့်၊ ရုပ်ရည်အဆင်းလည်းအသင့်အတင့်။ ဒီလိုပြည့်စုံနေတဲ့ ပုဂ္ဂိုလ်တွေလည်းရှိနေတယ်။ တချို့တချို့သောပုဂ္ဂိုလ်တွေကျတော့ လုံးဝကိုမပြည့်စုံဘူး။ စိတ်နေစိတ်ထားလည်းမပြည့်စုံ၊ ရုပ်ရည်အဆင်းလည်းမပြည့်စုံ၊ ပစ္စည်းဥစ္စာတွေလည်း အလွန်ရှားပါး။ ဒီလိုပုဂ္ဂိုလ်တွေလည်း မရှိတတ်ပါဘူးလား ... ရှိတတ်ပါတယ်ဘုရား။

ပြီးတော့ ဖန်ဆင်းတာကအကြောင်း၊ ဖြစ်လာတဲ့ပုဂ္ဂိုလ်သတ္တဝါတွေကအကျိုး၊ အကြောင်းနဲ့အကျိုးတူပါရဲ့လား ... မတူပါဘုရား။ မတူတာကိုတော့ ပါဠိလို ဝိသမ၊ တူတာကိုတော့ သမ။ ဝိသမဟေတုဒိဋ္ဌတဲ့၊ ဒိဋ္ဌတစ်မျိုးပဲတဲ့။ အဲဒီဝိသမဟေတုဒိဋ္ဌနဲ့လည်း ဘယ်လိုပဲပြောပြော၊ ဘယ်လိုပဲဟောဟော တရားနာပရိသတ်များယုံပါတော့မလား ... မယုံတော့ပါဘုရား။

www.dhammadownload.com

သတ္တဝါတွေကို၊ ပုဂ္ဂိုလ်သတ္တဝါတွေကို တန်ခိုးရှင်တွေက၊ ကောင်းကင်ဘုံဘုရားတွေက ဖန်ဆင်းထားတာလို့ ဘယ်လောက်ပဲပြောပြော၊ ဘယ်လောက်ပဲဟော့ဟော၊ ဘယ်လိုအပြောကောင်းတဲ့ပုဂ္ဂိုလ်ကပြောပြော ယုံပါတော့မလား ... မယုံတော့ပါဘုရား။ မယုံတာကို မတုန်လှုပ်တော့ဘူးတဲ့။ အကြောင်းကောင်းရင် အကျိုးကောင်းတယ်၊ အကြောင်းဆိုးရင် အကျိုးဆိုးတယ်ဆိုတာ ပစ္စယပရိဂ္ဂဟဉာဏ်ရောက်နေတဲ့ ယောဂီပုဂ္ဂိုလ်ကတော့ ကိုယ်တိုင်မဆုံးဖြတ်ထားပါဘူးလား ... ကိုယ်တိုင်ဆုံးဖြတ်ထားပါတယ်ဘုရား။

ဘဝါဘဝက ကုသိုလ်ကံအကြောင်းကောင်းတဲ့ပုဂ္ဂိုလ်က ဒီဘဝမှာ အကျိုးတွေကောင်းနေတာပဲ၊ အကုန်ပြည့်စုံနေတာပဲ။ ဘဝါဘဝက ကုသိုလ်ကံအကြောင်း အသင့်အတင့်ရှိတဲ့ပုဂ္ဂိုလ်က ဒီဘဝမှာလည်း အသင့်အတင့်ပဲ ပြည့်စုံကြတာပဲ။ ဘဝါဘဝက အကြောင်းကံနည်းခဲ့တဲ့ပုဂ္ဂိုလ်တွေ၊ အကြောင်းကံရှားပါးခဲ့တဲ့ ပုဂ္ဂိုလ်တွေ ဒီဘဝမှာ မပြည့်စုံ၊ ဆင်းရဲနွမ်းပါးနေကြတာပဲလို့ ကိုယ်တိုင်မသိပါဘူးလား ... ကိုယ်တိုင်သိပါတယ်ဘုရား။ ဘယ်လောက်ပဲဟောဟော၊ ဘယ်လောက်ပဲပြောပြော မတုန်လှုပ်တော့ပါဘူးတဲ့။ နေရာမကျသွားပါဘူးလား ... နေရာကျသွားပါတယ်ဘုရား။ နေရာကျလိုက်တာ။

www.dhammadownload.com

ကမိနာ ပန ဉာဏေန သမ္မန္နာဂတော ဝိပဿကော ပုဒ္ဓသာသနေ လဒ္ဓဿသော လဒ္ဓပတိဋ္ဌော နိယတဂတိကော = ကောင်းမြတ်သော သုဂတိဘဝမြဲသော၊ စူဠသောတာပန္နော နာမ = အငယ်စားသောတာပန်မည်သည်၊ ဟောတိ = ဖြစ်၏။

အငယ်စားသောတာပန်ဖြစ်သွားပြီတဲ့၊ သုဂတိဘဝလည်း မြဲသွားပါပြီတဲ့။ အဲဒီပစ္စယပရိဂ္ဂဟဉာဏ်သို့ရောက်အောင် ဘယ်နရက်လောက်များ အားထုတ်ရပါမလဲဆိုတော့ အသင့်အတင့် ဉာဏ်ရှိတဲ့ယောဂီပုဂ္ဂိုလ် ၁၀-ရက်လောက်နဲ့ရောက်တာများပါတယ်။ ၁၀-ရက်လောက်နဲ့ စူဠသောတာပန်ဖြစ်တယ်ဆိုတော့ ဝိပဿနာတရား အားမထုတ်သင့်ပါဘူးလား ... အားထုတ်သင့်ပါတယ် ဘုရား။ အားထုတ်သင့်တယ်။

၁၀-ရက်လောက်နဲ့ ဒုတိယဘဝစသည်မှာ အပါယ်သံသရာသို့ မရောက်ရတော့ဘူး။ ဘယ်ရောက်နိုင်ပါတော့မလဲ၊ အကြောင်းနဲ့အကျိုး သိထားတဲ့ယောဂီပုဂ္ဂိုလ် ကိုယ့်စိတ်ကကောင်းလို့ရှိရင်၊ စိတ်ကောင်းစိတ်မြတ်ဖြစ်လို့ရှိရင် ကောင်းတဲ့ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေဖြစ်လို့ ကုသိုလ်တရားတွေဖြစ်တယ်။

ကိုယ့်စိတ်က စိတ်ဆိုးစိတ်ညှဉ်းကြီးတွေဖြစ်သွားလို့ရှိရင် မကောင်းတဲ့ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေဖြစ်လို့ အကု

www.dhammadownload.com

သို့လိုတရားတွေဖြစ်တယ်လို့သိတော့၊ စိတ်ကိုကြိုတင်သိနေတော့၊ စိတ်ကောင်းစိတ်မြတ်တွေကြီးပဲဖြစ်တော့၊ ကုသိုလ်တွေကြီးပဲဖြစ်တာများတော့ အပါယ်မှ ကျမှကျပါတော့မလား ... အပါယ်မကျနိုင်တော့ပါဘုရား။ အပါယ်မကျနိုင်တော့ဘူးတဲ့။ စူဠသောတာပန် = အငယ်စားသောတာပန်ဖြစ်သွားပါပြီ။ မြတ်စွာဘုရားသာသနာတော်မှာ ထောက်ရာတည်ရာရသွားပါပြီ။

မြတ်စွာဘုရားသာသနာတော်မှာ တကယ်တမ်းထောက်ရာတည်ရာဖြစ်တာကတော့ မဂ်တရား၊ ဖိုလ်တရားတွေပဲတဲ့။ မပျက်စီးနိုင်အောင် ထောက်ရာတည်ရာဖြစ်သွားပြီ။ အခု အဋ္ဌကထာဆရာများက ဒီပစ္စယပရိဂ္ဂဟဉာဏ်ကိုပဲ ထောက်ရာတည်ရာရသွားပြီလို့ခေါ်တာ၊ ဖွင့်ပြတာ ဘယ်လိုအဓိပ္ပာယ်လဲလို့ဆိုတော့ ဖလူပစာအားဖြင့်ဖွင့်ပြတာ။ တကယ်တမ်း ထောက်ရာတည်ရာအစစ်ဖြစ်တဲ့၊ အကျိုးတရားဖြစ်တဲ့ မဂ်တရား၊ ဖိုလ်တရားတို့ရဲ့ အမည်ကို အကြောင်းဖြစ်တဲ့ ပစ္စယပရိဂ္ဂဟဉာဏ်မှာ တင်စားပြီးတော့ ပစ္စယပရိဂ္ဂဟဉာဏ်ကိုလည်း ထောက်ရာတည်ရာဖြစ်နေပြီလို့ ဒီလိုဖွင့်ပြတယ်၊ ဖလူပစာတဲ့။

ဒီဉာဏ်ရောက်သွားတဲ့ပုဂ္ဂိုလ် တကယ်တမ်း နည်းမှန်လမ်းမှန် အားထုတ်မယ်ဆိုလို့ရှိရင်လည်း ထောက်ရာတည်ရာအစစ်ဖြစ်တဲ့နိဗ္ဗာန်၊ ထောက်ရာတည်ရာ အစစ်ဖြစ်တဲ့မဂ်ဉာဏ်

www.dhammadownload.com

ဖိုလ်ဉာဏ်သို့၊ မဂ်တရား၊ ဖိုလ်တရားသို့ ရောက်သွားနိုင်တယ်ဆိုတဲ့အဓိပ္ပာယ်။ တရားနာပရိသတ်များ ယုံမှယုံပါရဲ့လား ... ယုံပါတယ်ဘုရား။ ယုံလို့အားထုတ်နေကြတာ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်စရာကောင်းပါတယ်။

အဲဒီပစ္စယပရိဂ္ဂဟဉာဏ်မှာလည်း နှစ်သက်စရာတွေကတော့ သိပ်တော့မထင်ရှားသေးဘူး။ ပင်ပန်းတာပဲ အသင့်အတင့်ထင်ရှားပါတယ်။ ဆင့်ကာဆင့်ကာမှတ်တော့ ၃-နံပါတ်ဉာဏ်စဉ် ရောက်သွားတယ်။ ၃-နံပါတ်ဉာဏ်စဉ်ဆိုတာ သမ္မသနဉာဏ်။ သမ္မသနဆိုတာ သုံးသပ်ပြီးတော့သိတာ။ ဘာတွေသုံးသပ်ပြီးတော့သိပါသလဲဆိုရင် အနိစ္စလို့ သုံးသပ်ပြီးတော့သိတယ်၊ ဒုက္ခလို့ သုံးသပ်ပြီးတော့သိတယ်၊ အနတ္တလို့ သုံးသပ်ပြီးတော့သိတယ်။

အဲဒီဉာဏ်ကတော့ ဆိုးတဲ့ဉာဏ်တဲ့။ ၁၀-ရက်ကျော်ကျော်လောက်မှာ များသောအားဖြင့်တွေ့ကြရတယ်။ နာတာ၊ ကျင်တာ၊ အောင့်တာ၊ ကိုက်တာ၊ ခဲတာ၊ မူးတာ၊ ယားတာ၊ အော့ချင်အန်ချင်ရှိတာ၊ ယိမ်းနေတာ၊ ယိုင်နေတာ၊ ဖိထားတာ၊ လေးနေတာ ယောဂီဟောင်းကြီးများ မတွေ့ရပါဘူးလား ... တွေ့ရပါတယ်ဘုရား။ ရှေးရှေးက သမထအားမထုတ်ခဲ့ဖူးတဲ့

www.dhammadownload.com

ပုဂ္ဂိုလ်တွေ၊ သမထအားနည်းတဲ့ပုဂ္ဂိုလ်တွေ ပိုထင်ရှားတယ်။ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။

နာလိုက်၊ ကျင်လိုက်၊ အောင့်လိုက်တာ၊ ဆင်းရဲလိုက်တာ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲမဖြစ်ကြပါဘူးလား ... ဖြစ်ကြပါတယ်ဘုရား။ သြော်-ဒီခန္ဓာကိုယ်ကြီးက ဆင်းရဲတဲ့ဆင်းရဲခဲကြီးပါလား။ ဆင်းရဲတယ်ဆိုတာမြန်မာလို၊ ပါဠိလိုကျတော့ ... ဒုက္ခပါဘုရား။ ဒုက္ခပဲလို့ သုံးသပ်ပြီးတော့သိတယ်တဲ့။ အဲဒီသမ္မသနဉာဏ်ကတော့ ဒုက္ခကိုရှေးဦးစွာသိတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ဘယ်နမျိုးပါတဲ့ ... ၃-မျိုးပါဘုရား။ အစဉ်အားဖြင့် အနိစ္စ။ အခုတော့ ဒုက္ခကို ပိုပြီးတော့သိတယ်။

သြော်-ဒီခန္ဓာကိုယ်ကြီး ဒုက္ခတုံးဒုက္ခခဲကြီးပါလားလို့ သုံးသပ်ပြီးတော့သိတယ်တဲ့။ ဒီဒုက္ခတွေကလည်း အခုတစ်မျိုး၊ အခုတစ်မျိုး။ အခုနာလိုက်၊ အခုကျင်လိုက်၊ အခုအောင့်လိုက်၊ အခုလေးလိုက်၊ အခုဖိလိုက်၊ အခုယိမ်းလိုက်၊ အခုယိုင်လိုက် မဖြစ်တတ်ပါဘူးလား ... ဖြစ်တတ်ပါတယ်ဘုရား။

အမျိုးမျိုးပြောင်းလဲနေတော့ မြဲလို့လား၊ မမြဲလို့လား ... မမြဲလို့ပါဘုရား။ မမြဲဘူးဆိုတာ မြန်မာလို၊ ပါဠိလိုကျတော့ ... အနိစ္စပါဘုရား။ အနိစ္စလို့သုံးသပ်ပြီးတော့သိတာ သမ္မသနဉာဏ်တဲ့။

www.dhammadownload.com

ဒီဒုက္ခတွေခံချင်လို့ ဝိပဿနာတရား လာအားထုတ်တာလားလို့ မေးရင် ... မဟုတ်ပါဘုရား။ မဟုတ်ဘူး။

ချမ်းချမ်းသာသာ လွယ်လွယ်ကူကူနဲ့ တရားတွေမြန်မြန်တက်၊ တရားတွေမြန်မြန်တွေ့ရအောင်အားထုတ်တာ အခုတော့ ကိုယ်ဖြစ်ချင်သလိုလည်း ဖြစ်လို့မရပါလား၊ ဒီခန္ဓာကိုယ်ကြီး သူ့သဘောအတိုင်းသူဖြစ်နေတာပါလား၊ ကိုယ်အစိုးမရပါလား။ ကိုယ်အစိုးမရပါလားဆိုတာမြန်မာလို၊ ပါဠိလိုကျတော့ ... အနတ္တပါဘုရား။ အနတ္တလို့ သုံးသပ်ဆင်ခြင်ပြီးတော့သိတာ သမ္မသနဉာဏ်။ အဲဒီဉာဏ်မှာတော့ စိတ်တွေကြည်တာ မထင်ရှားပါဘူး။ ရတနာလို့ဆိုရတာ သိပ်မထင်ရှားပါဘူးတဲ့။ ဒုက္ခကသာပိုထင်ရှားတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ သုံးသပ်ဆင်ခြင်ပြီးတော့သိတယ်။

ဆရာသမားများညွှန်ပြတဲ့အတိုင်း ဆင့်ကာဆင့်ကာမှတ်၊ သမာဓိဉာဏ် တစ်ဆင့်ရင့်ကျက် အားရှိထက်သန်လာတဲ့အခါ ဥဒယဗ္ဗယဉာဏ်သို့ ရောက်သွားပါတယ်တဲ့။ ရောက်သွားတဲ့အခါကျတော့ အစပိုင်းမှာတော့ သိပ်မသာယာသေးဘူး။ ယိမ်းတာ၊ ယိုင်တာတွေ ရှိနေသေးတာပဲ။ ယိမ်းတာ၊ ယိုင်တာချင်းတော့ မတူတော့ဘူး။ ပေါ့ပေါ့လေးယိမ်းနေ၊ ယိုင်နေ။ **ကာယလဟုတာ၊ စိတ္တလဟုတာ** = ကိုယ်ကလည်းပေါ့ပါး၊ စိတ်ကလည်းပေါ့ပါး။ မတွေ့ကြပါဘူးလား ... တွေ့ကြပါတယ်ဘုရား။

www.dhammadownload.com

ကာယမုဒုတာ၊ စိတ္တမုဒုတာ = ကိုယ်ကလည်းနူးညံ့၊ စိတ်ကလည်းနူးညံ့။ သမ္မသနဉာဏ်မှာတုန်းက ကိုယ်စိတ်တွေ ခက်ထန်နေတယ်။ ဥဒယဗ္ဗယဉာဏ်ရောက်သွားတော့ စိတ်ကလေးတွေ၊ ကိုယ်ကလေးတွေက နူးညံ့သိမ်မွေ့လာတယ်။ **ကာယပါဂုညတာ၊ စိတ္တပါဂုညတာ** = ကိုယ်ကလည်းလေ့လာပြီးသား၊ စိတ်ကလည်းလေ့လာပြီးသား။ အောက်အောက်ဉာဏ်တွေမှာ တစ်နာရီမှာ တစ်ခါ၊ နှစ်ခါပြင်ခဲ့ရတဲ့ယောဂီပုဂ္ဂိုလ် ဥဒယဗ္ဗယဉာဏ်သို့ ရောက်သွားတဲ့အခါ တစ်ခါမှမပြင်ရတော့ဘူး။ တစ်နာရီကို လွယ်လွယ်လေးနဲ့ ထိုင်နိုင်သွားတယ်။

အောက်အောက်ဉာဏ်တွေမှာကတည်းက တစ်ခါမှမပြင်ရတဲ့ ယောဂီပုဂ္ဂိုလ်များကျတော့ ဥဒယဗ္ဗယဉာဏ်သို့ ရောက်သွားတဲ့အခါ နှစ်နာရီ၊ သုံးနာရီ၊ လေးနာရီ၊ ငါးနာရီ စသည်ဖြင့် တစ်ဆက်တည်း ထိုင်နိုင်သွားပါတယ်။ ကိုယ်ကလည်းခဲ့ကျန်း၊ စိတ်ကလည်းခဲ့ကျန်း။ **ကာယပါဂုညတာ၊ စိတ္တပါဂုညတာ** = ကိုယ်ကလည်းလေ့လာပြီးသား၊ စိတ်ကလည်းလေ့လာပြီးသား။ မှတ်စရာအာရုံနဲ့မှတ်သိစိတ်တွေ အလိုလိုမှတ်နေရသကဲ့သို့ ယောဂီက ကျေနပ်နေတယ်။

www.dhammadownload.com

တရားလာလျှောက်တဲ့အခါ "တပည့်တော် ထိုင်ကြည့်နေရသလိုပါပဲဘုရားတဲ့။ မှတ်စရာအာရုံနဲ့မှတ်သိစိတ်က အလိုလိုမှတ်နေရသကဲ့သို့ ဖောင်းတာ ပိန်တာတွေ၊ ထိုင်တာ ထိတာတွေက အလိုလိုပေါ်လို့ မှတ်သိစိတ်ကလည်း အလိုလိုမှတ်နေရသကဲ့သို့ ဖြစ်နေပါတယ်ဘုရား" တဲ့။ မလျှောက်ထားတတ်ပါဘူးလား ... လျှောက်ထားတတ်ပါတယ်ဘုရား။ ဘယ်ဉာဏ်ရောက်နေပါသလဲ ... ဥဒယဗ္ဗယဉာဏ်ရောက်နေပါတယ်ဘုရား။

ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ = ကိုယ်ကလည်းငြိမ်းအေး၊ စိတ်ကလည်းငြိမ်းအေး။ "လူဘဝမှာ တစ်ခါမှ အခုလောက် ကိုယ်စိတ်တွေ ငြိမ်းအေးတာ မဖြစ်ခဲ့ဖူးပါဘူးဘုရား။ တပည့်တော် မလျှောက်လည်း မလျှောက်ထားတတ်တော့ပါဘူးဘုရား။ ဥပမာ ပြောရမယ်ဆိုလို့ရှိရင် တပည့်တော်ခန္ဓာကိုယ်လေးဟာ ပစ်တိုင်းထောင်လေးလိုပါပဲဘုရား"။ ထိုင်တဲ့နေရာမှာ တည့်တည့်မတ်မတ်လေးတည်၍ မထိန်းထားရတော့ဘူး။ ကိုယ်ကလည်းငြိမ်းအေး၊ စိတ်ကလည်းငြိမ်းအေး။

ကာယိကာသုခ၊ စေတသိကာသုခ = ကိုယ်ကလည်းချမ်းသာ၊ စိတ်ကလည်းချမ်းသာ။ ဝိပဿနာပီတိသုခတွေနဲ့ ပျော်မွေ့နေလိုက်တာ၊ နှစ်သက်နေလိုက်တာ လူသာမန်မဆိုထားနဲ့

www.dhammadownload.com

နတ်သာမန်တွေတောင်မှ မပျော်မွေ့နိုင်ဘူးဟု မြတ်စွာဘုရား ဟောကြားတော်မူတဲ့အတိုင်း အမှတ်ကောင်းတဲ့ယောဂီပုဂ္ဂိုလ်များ ကိုယ်တိုင်ပဲ တွေ့ကြရပါတယ်။

သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတိ ဟောတိ၊ သမ္မာ ခမ္မံ ဝိပဿတော။

သုညာဂါရံ = ဆိတ်ငြိမ်ရာကမ္မဋ္ဌာန်းကျောင်းသို့၊ **ပဝိဋ္ဌဿ** = ဝင်လျက်၊ **သန္တစိတ္တဿ** = ငြိမ်သက်သောစိတ်ရှိသည်ဖြစ်၍၊ **သမ္မာ** = ကောင်းစွာ၊ **ခမ္မံ** = ရုပ်တရား နာမ်တရားတို့၏ ဖြစ်ခြင်းပျက်ခြင်းသဘောကို၊ **ဝိပဿတော** = ဝိပဿနာရှုသော၊ **ဘိက္ခုနော** = ဘေးကိုရှုတတ်ယောဂီမြတ်အား။ **အမာနုသီ** = လူသာမန် နတ်သာမန်တို့ မခံစား မတွေ့သိနိုင်သော၊ **ရတိ** = ဝိပဿနာပီတိသုခတို့ဖြင့် ပျော်မွေ့ခြင်းသည်၊ (၀၊) စိတ်၏ကြည်လင်ခြင်းသည်၊ **ဟောတိ** = ဖြစ်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရဏာရှေ့သွားပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

ဥဒယဗ္ဗယဉာဏ်သို့ ရောက်နေတဲ့ယောဂီပုဂ္ဂိုလ် ဆိတ်ငြိမ်ရာကမ္မဋ္ဌာန်းကျောင်းသို့ ချဉ်းကပ်ပြီးတော့ ရုပ်တရား၊ နာမ်

www.dhammadownload.com

တရားတို့၏ ဖြစ်ခြင်းပျက်ခြင်းသဘောတွေကို ရှုမှတ်နေလိုက်တာ ဝိပဿနာပီတိသုခတွေဖြစ်ထလို့ အဲဒီဝိပဿနာပီတိသုခတွေနဲ့ ပျော်မွေ့နေရတာ၊ စိတ်တွေကြည်နူးနေလိုက်တာ လူသာမန်မဆိုထားနဲ့ နတ်သာမန်တွေတောင်မှ မပျော်မွေ့နိုင်ဘူး၊ မကြည်နူးနိုင်ဘူးလို့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့အတိုင်း အမှတ်ကောင်းတဲ့ယောဂီပုဂ္ဂိုလ်တွေ ကြည်နူးနေကြ၊ နှစ်သက်နေကြတယ်။

ရတနာဖြစ်တာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ သတိပဋ္ဌာန်တရားတွေ ရတနာဖြစ်တာ ထင်ရှားပါတယ်။ အဋ္ဌကထာဆရာတွေ ဒီအတိုင်းပဲ ဖွင့်ပြပါတယ်။ တချို့တချို့သော ယောဂီပုဂ္ဂိုလ်တွေ စိတ်ထဲကတောင်မှ ဥဒါန်းတွေ ကျူးနေကြတယ်။

သုလဒ္ဓံ မေ မနုဿတ္တံ။

မေ = ငါသည်၊ **မနုဿတ္တံ** = လူ၏အဖြစ်ကို၊ **သုလဒ္ဓံ** = ကောင်းစွာရအပ်၏။

မိမိသည် လူ၏အဖြစ်ကို ကောင်းစွာရခြင်းပဲ။ အခုလောက် စိတ်တွေကြည်၊ အခုလောက်နှစ်သက်နေတော့ တစ်နေ့သောအခါ ဒီစိတ်နဲ့ ကောန်မုချ ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို ရောက်ရတော့မှာပဲလို့ မှန်းဆပြီးတော့ စိတ်တွေကြည်နူး

www.dhammadownload.com

နေတော့ ရတနာမဖြစ်နေပါဘူးလား ... ရတနာဖြစ်နေပါတယ် ဘုရား။

ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
လဗ္ဘတိ ပီတိ ပါမောဇ္ဇံ၊ အမတံ တံ ဝိဇာနတံ။

ယတော ယတော = အကြင်အကြင်အခါ၌၊ **ခန္ဓာနံ** = ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့၏။ **ဥဒယဗ္ဗယံ** = ဖြစ်ခြင်းပျက်ခြင်း သဘောကို၊ **သမ္မသတိ** = သုံးသပ်၏။ (ဝါ) ရှုမှတ်၏။ **တတော တတော** = ထိုထိုအခါ၌၊ **ပီတိ ပါမောဇ္ဇံ** = အလွန်နှစ်သက် အားရခြင်းတည်းဟူသောပီတိ၊ အနည်းငယ်နှစ်သက်အားရခြင်း တည်းဟူသောပါမောဇ္ဇကို၊ **လဗ္ဘတိ** = ရအပ်၏။ **တံ** = ထိုပီတိ ပါမောဇ္ဇသည်၊ **ဝိဇာနတံ ဝိဇာနန္တာနံ** = အဖြစ်အပျက်ကိုသိ ကုန်သော ယောဂီပုဂ္ဂိုလ်တို့၏။ **အမတံ** = သေခြင်းကင်းရာ အမြို့ကြီးဖြစ်တော်မူသော နိဗ္ဗာန်သို့ ကောန်ရောက်ကြောင်းဖြစ်၍ အမြို့ကြီးဖြစ်တော်မူသော နိဗ္ဗာန်ကြီး ပါပေတည်း။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

www.dhammadownload.com

ဥဒယဗ္ဗယဉာဏ်သို့ ရောက်နေတဲ့ယောဂီပုဂ္ဂိုလ် ဆိတ် ငြိမ်ရာကမ္မဋ္ဌာန်းကျောင်းသို့ ချဉ်းကပ်ပြီးတော့ ရုပ်တရား၊ နာမ် တရားတို့၏ ဖြစ်ခြင်းပျက်ခြင်းသဘောတွေကို ရှုမှတ်နေလိုက်တာ ဝိပဿနာဝီထိသုခတွေ၊ အလွန်နှစ်သက်အားရခြင်းဟူသောဝီတိ၊ အနည်းငယ်အားရခြင်းဟူသောပါမောဇ္ဇတွေ ဖြစ်လာတယ်။

အဲဒီဝီတိ၊ ပါမောဇ္ဇတွေဟာ သေခြင်းကင်းရာဖြစ်တဲ့ အမြိုက်နိဗ္ဗာန်သို့ ကောန်ရောက်ကြောင်းဖြစ်တဲ့အတွက်ကြောင့် သူတို့သည်ပင်လျှင် အမြိုက်နိဗ္ဗာန်ပဲလို့ မြတ်စွာဘုရား ဟော ကြားတော်မူတဲ့အတိုင်း ကိုယ်အားထုတ်နေရတဲ့ သတိပဋ္ဌာန်တရား ၄-ပါးကို နှစ်သက်အားရတာ ရတာနာပဲ။ ရတနာမဖြစ်နေပါဘူးလား ... ရတနာဖြစ်နေပါတယ်ဘုရား။ ရတနာပဲတဲ့။ ဆယ်မျိုးရတနာ ထင်ရှားသွားပါပြီ၊

ရသာဆားတူ။ ၇-ခုမြောက်ဖြစ်သွားပြီ။ သမုဒ္ဒရာကြီးမှာ ရေတွေရဲ့အရသာဟာ တစ်မျိုးတည်းပဲရှိတယ်။ ဘာအရသာလဲ၊ ဆားငန်အရသာ။ အံ့ဖွယ်ရာပဲတဲ့။ ဘယ်နေရာက ရေကိုယူပြီးတော့ မြည်းကြည့်, မြည်းကြည့်, ဘယ်အရသာထွက်ပါသလဲ ... ဆားငန် အရသာထွက်ပါတယ်ဘုရား။

www.dhammadownload.com

မြတ်စွာဘုရားရဲ့သာသနာတော်မှာလည်း အရသာဟာ တစ်မျိုးပဲရှိတယ်။ အံ့ဖွယ်ပါပဲတဲ့။ ဘာအရသာလဲဆိုတော့ ဝိမုတ္တိရသ။ ဝိမုတ္တိရသတဲ့။ ဝိမုတ္တိဆိုတာ လွတ်မြောက်တာ၊ ရသ-က အရသာ။ ဘယ်ကလွတ်မြောက်သလဲဆိုတော့ ကိလေသာတို့မှ လွတ်မြောက်ခြင်းအရသာ။ သီလဆောက်တည်တာလည်း ဝိမုတ္တိရသ၊ တရားအားထုတ်တာလည်း ... ဝိမုတ္တိရသပါဘုရား။ ဝိမုတ္တိရသပဲ။ မြတ်စွာဘုရားသာသနာတော်မှာ အရသာဟာ တစ်မျိုးပဲရှိတယ်။ ကိလေသာတို့မှ လွတ်မြောက်ခြင်းအရသာ။ အဲဒါလည်း သာသနာတော်မှာ အံ့ဖွယ်တစ်မျိုးပါပဲ။

ကြီးသူနေရာ ဟောကြားပါတော့မယ်။ ကြီးသူရဲ့နေရာ သမုဒ္ဒရာတွင်းက တိမိင်္ဂလစတဲ့ အလွန်ကြီးတဲ့ငါးကြီးတွေ နေရာဖြစ်တယ်။ ဒါကြောင့် သမုဒ္ဒရာကြီးဟာ အံ့ဖွယ်ရာဖြစ်တယ်။ မြတ်စွာဘုရားသာသနာတော်မှာလည်း ကြီးသူနေရာပဲ။ မဂ္ဂင်္ဂာန်ပုဂ္ဂိုလ် ၄-ယောက်၊ ဖလင်္ဂာန်ပုဂ္ဂိုလ် ၄-ယောက်တို့ရဲ့နေရာတဲ့။ မဂ္ဂင်္ဂာန်၊ ဖလင်္ဂာန်ပုဂ္ဂိုလ်တွေမကြီးပါဘူးလား ... ကြီးပါတယ်ဘုရား။

အဆင့်ဆင့်ကြီးသွားကြတယ်။ ပုထုဇဉ်ပုဂ္ဂိုလ်တွေထက်ကို အဆင့်ဆင့်ကြီးသွားတဲ့အတွက်ကြောင့် အဲဒီကြီးတဲ့ပုဂ္ဂိုလ်တွေ၊ အရိယာပုဂ္ဂိုလ် ၈-ယောက်တို့ရဲ့ ကြီးကဲတဲ့ပုဂ္ဂိုလ်တွေနေတဲ့

www.dhammadownload.com

နေရာဖြစ်တဲ့အတွက်ကြောင့် မြတ်စွာဘုရားသာသနာတော်ကြီးဟာ အံ့ဖွယ် ဂ-ဖြာထဲမှာ တစ်မျိုးပါပဲတဲ့။

အသင့်အတင့် ပြည့်စုံသွားပါပြီ။ ဤကဲ့သို့ ယနေ့ယခု အခါ၌ မြတ်စွာဘုရား၏ **"သာသနာတော်၏ အံ့ဖွယ် ဂ-ဖြာသိကောင်းစရာ တရားတော်"**ကို နာကြားရသဖြင့် နာကြားရသောအတိုင်း လိုက်နာကျင့်ကြံ ပွားများအားထုတ်နိုင်ကြပြီးလျှင် မိမိတို့ အလိုရှိအပ် တောင့်တအပ်တဲ့ တရားထူးတရားမြတ်တို့ကို၊ ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို လွယ်ကူသောအကျင့်ဖြင့် လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

ဆရာတော်ဘုရားပေးတဲ့ဆုနှင့် ပြည့်စုံရပါလို၏အရှင်ဘုရား။

သာဓု ... သာဓု ... သာဓုပါဘုရား။

အရပ်ဆယ်မျက်နှာနေ၊ အားလုံးသောသတ္တဝါတွေ၊ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာစွာဖြင့်၊ မိမိတို့ ခန္ဓာဝန်ကို၊ ရွက်ဆောင်နိုင်ကြပါစေ။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်